# မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)

## မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်

တတိယအကြိမ် ပုံနှိပ်ခြင်း
ဇူလိုင်လ၊ ၂၀၁၅

## မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့်
## မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့၊ ချက်ထရီယမ်ဟိုတယ်၌ အဖွဲ့ဝင် (၂၉) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်ခဲ့သည်။ ယင်းနေ့တွင်ပင် ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုးသိမ်း (မောင်ဝံသ)၊ အတွင်းရေးမှူးအဖြစ် ဦးကျော်မင်းဆွေ၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါ်နန်းကလျာဝင်းတို့ကို အဖွဲ့ဝင်များ၏ဆန္ဒဖြင့် ရွေးချယ်ခဲ့သည်။ ကျန်အဖွဲ့ဝင်များကိုလည်း အများဆန္ဒ ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်တာဝန်ပေးခဲ့ကြပါသည်။ ယင်းနေ့တွင် ကောင်စီဝင် (၂၉) ဦးတို့က ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးဆုံးဖြတ်ကြပါသည်။ (မှတ်ချက် – ဦးကိုကိုကြီး (၈၈မျိုးဆက်)မှာ ကောင်စီတွင် တာဝန်မယူနိုင်သောကြောင့် စတင်ဖွဲ့စည်းသည့်နေ့တွင်ပင် နုတ်ထွက်သွားခဲ့ပြီး ဒုတိယဥက္ကဋ္ဌဖြစ်သော ဦးစိုးသိမ်း (မောင်ဝံသ) ကွယ်လွန်သွားသဖြင့် ယခုလက်ရှိတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ)က ဆက်လက်၍ တာဝန်ယူ ထမ်းဆောင်လျက်ရှိပါသည်။ ဦးကျော်ဇောနိုင်လည်း ကွယ်လွန်ခဲ့၍ ယခုအခါ ကောင်စီဝင် (၂၆)ဦးသာ ရှိပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် နိုင်ငံတကာမီဒီယာပံ့ပိုးရေးအဖွဲ့ပူးပေါင်းပြီး "မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ပြုစုခြင်း အလုပ်ရုံဆွေးနွေးပွဲများ"ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း၏လုပ်ဆောင်ချက် လုပ်ငန်းစဉ်များအရ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ပြုစုထားသော "မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန် (မူကြမ်း)"အပေါ်တွင် သတင်းမီဒီယာသမားများက ဆွေးနွေးအကြံပြုသည့် အလုပ်ရုံဆွေးနွေးပွဲများကို မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသော တုံ့ပြန်ချက်၊ အကြံပြုချက်များအား အခြေပြု၍ ဤရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ကို အပြီးသတ် တည်းဖြတ်ရေးဆွဲခဲ့ပါသည်။

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)**

# မာတိကာ

□□□□□


**အခန်း(၁)။ မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်**

**–နိဒါန်း**

(၁.၁) လူထုအားအသိပေးခြင်း ၇

(၁.၂) ရွေးကောက်ပွဲသတင်းတင်ပြခြင်း ၉

(၁.၃) ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ကြေညာချက်များ အတွက် တာဝန်ရှိမှု ၁၁

(၁.၄) ပြဿနာကို လျင်မြန်စွာကိုင်တွယ်ပြုပြင်ခြင်း ၁၂

(၁.၅) ရွေးကောက်ပွဲရလဒ်များကို သတင်းဖော်ပြခြင်း ၁၅

**အခန်း(၂)။ မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ**

(၂.၁) ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသရုပ်ပြပုံများ ၁၈

(၂.၂) မဲဆန္ဒရှင်တစ်ဦးသိမှတ်ဖွယ် ၂၅

(၂.၃) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်တရားမဲ့ပြုကျင့်မှုများအကြောင်း သိမှတ်ဖွယ် ၃၅

**နောက်ဆက်တွဲများ**

**နောက်ဆက်တွဲ (၁)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ခွဲ (တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်) ဆက်သွယ်ရန် ဖုန်းနံပါတ်များ

**နောက်ဆက်တွဲ (၂)** နိုင်ငံရေးပါတီများ၏ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်များ

# အခန်း (၁)

# မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်

# မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်

## နိဒါန်း

ရွေးကောက်ပွဲများသည် မည်သည့်နိုင်ငံတွင်မဆို အလွန်အရေးပါသော ဒီမိုကရေစီ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အစောဆုံး အဆင့်များကို ဖြတ်သန်းနေရသော တိုင်းပြည်များအတွက် သာ၍အရေးကြီးပါသည်။ ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပေးခြင်းဖြင့် ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုတွင် တစ်ခါတရံ ရလဒ်ကောင်းပေးနိုင်သကဲ့သို့ ဆုံးရှုံးမှုရလဒ်များလည်း ထွက်ပေါ်စေနိုင်ပါသည်။ အောင်မြင်သော ရွေးကောက်ပွဲများသည် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်အတွက် အရေးပါသော အရွေ့ဖြစ်စေနိုင်သကဲ့သို့ အပြိုင်အဆိုင်များသော သို့မဟုတ် ပြဿနာများသော ရွေးကောက်ပွဲများကလည်း တိုးတက်မှုကို သိသာစွာ နှေးကွေးစေနိုင်ပါသည်။

ရွေးကောက်ပွဲ၏ ကျယ်ပြန့်သော လုပ်ငန်းစဉ်အတွင်းဝယ် သတင်းမီဒီယာများ (ပုံနှိပ်မီဒီယာ၊ အသံလွှင့်မီဒီယာ နှင့် အွန်လိုင်းမီဒီယာ)သည် ကြီးမားစွာ အရေးပါသည့်ကဏ္ဍမှ ပါဝင်နေပါသည်။ သတင်းမီဒီယာသည် မဲဆန္ဒရှင်အများစုအတွက် သတင်းအချက်အလက် ရရှိနိုင်သည့် မူလဇာစ်မြစ် ဖြစ်ပါသည်။

- ဘယ်လိုမဲပေးရမလဲ၊
- ရွေးကောက်ပွဲဆိုတာဘာလဲ၊
- ရွေးကောက်ပွဲဝင်မယ့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းတွေရဲ့အကြောင်းစသည့် သတင်းအချက်များ ဖြစ်ပါသည်။

အကယ်၍ သတင်းမီဒီယာများသည် မဲဆန္ဒရှင်များကို သတင်းအချက်အလက်များ မှန်ကန်စွာ မပေးနိုင်ပါက ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပြီး၊ ဆန္ဒမဲပေးခွင့် ဆုံးရှုံးနိုင်ပါသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အားနည်းစေနိုင်သည့် နိုင်ငံရေးနှင့်ဆိုင်သော အဂတိ လိုက်စားမှုများနှင့် အခြားလုပ်ရပ်များကို ကာကွယ်ရာတွင် သတင်းမီဒီယာများသည် သော့ချက်ကျသောကဏ္ဍမှ ပါဝင်နေပါသည်။ အကယ်၍ သတင်းမီဒီယာများသည် ပါတီတစ်ခုခု သို့မဟုတ် ကိုယ်စားလှယ်လောင်း တစ်ဦးဦးအပေါ် ထောက်ခံသည့်ဘက်မှ

သော်လည်းကောင်း၊ ကန့်ကွက်သည့်ဘက်မှသော်လည်းကောင်း သိသာထင်ရှားစွာ ဘက်လိုက်ခဲ့ပါက တန်းတူရည်တူယှဉ်ပြိုင်ခြင်းဟူသည့် အခြေခံကျသောမူကို ကြီးမားစွာ ထိခိုက်စေနိုင်ပါသည်။

ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အသုံးချရာ၌ သတင်းမီဒီယာများ လိုက်နာကျင့်သုံးရမည့် လက်ရှိ ရှိပြီးသား ကိုယ်ပိုင်ကျင့်ဝတ်များ၊ မိမိတို့၏ ကိုယ်ပိုင် စည်းမျဉ်းများကို သီးခြားထုတ်ပြန်စရာမလိုဘဲ ဆက်လက်ကျင့်သုံးနိုင်သည်။

ဤသည်ကိုကြည့်၍ မြန်မာနိုင်ငံအတွက် ၂၀၁၄ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ထုတ်ပြန်ထားသော သတင်းမီဒီယာကျင့်ဝတ်များကို ရွေးကောက်ပွဲကာလတွင် ကျင့်သုံးနိုင်သည်။ အဆိုပါ သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်များ၏ ပထမဆုံး စည်းမျဉ်းနှစ်ခုမှာ 'တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု' နှင့် 'နိုင်ငံရေးနှင့် ရွေးကောက်ပွဲများ' ဖြစ်ပါသည်။ ထိုစည်းမျဉ်းနှစ်ခုမှာ ရွေးကောက်ပွဲကာလအတွင်း အထူးအရေးပါလှပြီး အဓိကကျသော သက်ဆိုင်သည့် စံသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် –

- သတင်းများ၊ မျက်မှောက်ဖြစ်ရပ်များနှင့် ပတ်သက်ပြီး ဘက်မလိုက်ဘဲ ဟန်ချက်ညီညီ မျှတစွာ ကိုင်တွယ်ဆောင်ရွက်ရမည်။
- မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ဖော်ပြမိပါကလည်း အချိန်မဆိုင်းဘဲ ပြင်ဆင်ချက် ထုတ်ပြန်ရမည်။ ထိုဖော်ပြချက်များ၊ ကြေညာချက်များအပေါ် တုံ့ပြန်နိုင်ခွင့် ပေးသင့်သည်။
- မီဒီယာဌာနများသည် လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားစွာ ရှိနေသော နိုင်ငံရေး အယူအဆများကို ထင်ဟပ်ဖော်ပြပေးရမည်ဖြစ်ပြီး အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးငြင်းခုံနိုင်စေရန် ဆောင်ရွက်ပေးရမည်။
- ရွေးကောက်ပွဲမဲဆွယ်ကာလများတွင် နိုင်ငံရေးပါတီများ၏ ရပ်တည်ချက်များနှင့် နိုင်ငံရေးအယူအဆများကို ဖော်ပြရာတွင် လူ့အဖွဲ့အစည်းအတွင်း ထိုပါတီများ၏ ကိုယ်စားပြုမှု အချိုးအစားကို ထင်ဟပ်ပေါ်လွင်စေရန် ဖော်ပြသင့်သည်။

အထက်ပါစည်းမျဉ်းများသည် ရွေးကောက်ပွဲကာလအတွင်း သီးခြားကျင့်သုံးမှုများ ပါရှိပြီး ယင်းရွေးကောက်ပွဲကာလအတွက် အပိုဆောင်းတာဝန်နှင့် ဝတ္တရားများလည်း ဖြစ်ပေသည်။ သတင်းမီဒီယာများသည် မိမိတို့၏ သတင်းမီဒီယာသမားများကို ရွေးကောက်ပွဲ ကာလအတွင်း ဤစည်းမျဉ်းများ သိရှိနားလည်စေရန် လုပ်ဆောင်ထားသင့်ပါသည်။

## (၁.၁) လူထုအား အသိပေးခြင်း

➢ သတင်းမီဒီယာသည် လူထုအား ရွေးကောက်ပွဲနှင့်ဆိုင်သည့်ကိစ္စရပ်များကို အချိန်နှင့်တပြေးညီ အသိပေးရန် ယေဘုယျတာဝန်ရှိပြီး ယင်းအချက်သည် အများပြည်သူမီဒီယာ (Public Media) အတွက် သီးခြားတာဝန်တစ်ခု ဖြစ်သည်။

သတင်းမီဒီယာသည် မဲဆန္ဒရှင်အများစုအတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက် ရရှိရာ မူလဇာစ်မြစ်ဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း သတင်းအရင်းအမြစ်တစ်ခုအဖြစ် ရှိနေသည့်သတင်းမီဒီယာသည် ရွေးကောက်ပွဲ မည်သို့ကျင်းပ၍ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မည်သို့ယှဉ်ပြိုင်ကြမည်ကို အများပြည်သူသို့ သတင်းအချက်အလက်ပေးရန် တာဝန်ရှိသည်။

## Dos (ဆောင်ရန်)

## မဲဆန္ဒရှင်များအား ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိပေးခြင်း

- ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများ၏ အခန်းကဏ္ဍနှင့် မဲပေးရန် ဘာကြောင့် အရေးကြီးကြောင်းတို့ကို မဲဆန္ဒရှင်များအား ပြောပြပါ။
- မဲစာရင်းပြုစုသည့်လုပ်ငန်းစဉ်များ (ဥပမာ – မဲစာရင်းတွင် မိမိနာမည်ပါဝင်မှု ရှိ/မရှိ သေချာအောင် လုပ်ဆောင်ရမည်)၊ ကြိုတင်မဲပေးခြင်းနည်းလမ်း၊ မဲထည့်ရန် အချိန်၊ နေရာ၊ မဲပေးပုံပေးနည်း စသည့် နည်းပညာဆိုင်ရာ အချက်အလက်များကို မဲဆန္ဒရှင်များအား ရှင်းလင်းပေးပါ။
- ပဋိပက္ခဒေသများမှ မဲဆန္ဒရှင်များအား ၎င်းတို့ဒေသရှိ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ပေးပါ။
- မဲလက်မှတ်ကို လူမမြင်စေရန်နှင့် ထိုအချက် ဘာကြောင့်အရေးကြီးပုံကို မဲဆန္ဒရှင်များအား ရှင်းလင်းအသိပေးပါ။
- လာမည့်ရွေးကောက်ပွဲ၏ အခန်းကဏ္ဍကို မဲဆန္ဒရှင်များအား အသိပေးပါ။
    - ™ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရမည့် ရာထူးနေရာများ၊ တိုင်းပြည်ကို အုပ်ချုပ်ရာတွင် ထိုဌာနများက ရယူထားသော အုပ်ချုပ်စီမံခန့်ခွဲမှု အခန်းကဏ္ဍများ၊
    - ™ မဲဆန္ဒရှင်များ ယုံကြည်ထောက်ခံသည့် ပါတီနှင့် ကိုယ်စားလှယ်လောင်းများအား မဲပေးနိုင်သည့် အခွင့်အရေး၊
    - ™ သက်ဆိုင်ရာမီဒီယာအသီးသီးအလိုက် ဖတ်ရှု၊ နားထောင်၊ ကြည့်ရှုနေသော နယ်မြေများတွင် နေထိုင်သည့် မဲဆန္ဒရှင်များအား အာရုံစိုက်ပါ၊

## ပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအကြား ဆက်သွယ်ပေးခြင်း

- ယင်းဆက်သွယ်ပေးမှုသည် ပါတီ၊ ကိုယ်စားလှယ်လောင်း ကြော်ငြာပေးခြင်းထက် ကျော်လွန်ကာ သတင်းနှင့်မျက်မှောက်ရေးရာ အစီရင်ခံသည့် ပုံစံမျိုးဖြင့် လုပ်ဆောင်သင့်သည်။
- အမျိုးမျိုးသော ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက်များကို မဲဆန္ဒရှင်များအား အသိပေးပါ။ (အဓိကကျသော မူဝါဒများနှင့် ကတိကဝတ်များ) ဤသို့ အသိပေးခြင်းသည် ပါတီ/ ကိုယ်စားလှယ်လောင်းကို ကြော်ငြာပေးသည့် ပုံစံမဟုတ်ဘဲ သတင်းနှင့် မျက်မှောက်ရေးရာ သတင်းရေးသည့် ပုံစံမျိုးဖြင့် တင်ဆက်သင့်ပါသည်။
- ပါတီတစ်ခု၊ ကိုယ်စားလှယ်လောင်းတစ်ဦးကို ပိုပိုသာသာ ထောက်ခံခြင်းမပြုဘဲ၊ မျှတသောပုံစံဖြင့် သတင်းအချက်အလက်ပေးပါ။
- အဓိကကျသော ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို အာရုံစိုက်ပါ။
- ကွဲပြားသော ပုံစံအမျိုးမျိုးကို အသုံးပြုပါ။
  - ™ ဦးဆောင်ပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် ဝိုင်းဖွဲ့ဆွေးနွေးခြင်း
  - ™ ပရိသတ်က တိုက်ရိုက်မေးမြန်းနိုင်မည့်နေရာတွင် ကိုယ်စားလှယ်လောင်း တွေ့ဆုံပွဲ ပြုလုပ်သည့်ပုံစံ
- ကွဲပြားသည့် ဘာသာစကား၊ ပုံစံအမျိုးမျိုးနှင့် တင်ပြသည့် အစီအစဉ်များ သုံးကာ မဲဆန္ဒရှင်အားလုံးနှင့် ထိတွေ့ရန် ကြိုးစားပါ။
  - ™ အမျိုးသမီးများ၊ လူနည်းစုများကို ရည်ရွယ်၍ အထူးအားထုတ်ပါ။

## Don'ts (ရှောင်ရန်)

- မဲစာရင်းပြုစုခြင်း၊ မဲပေးခြင်းတို့နှင့် ပတ်သက်၍ မဲဆန္ဒရှင်များကို မှားယွင်းစွာ သတင်းပေးခြင်း၊
- တစ်ဦးတစ်ယောက် (သို့) ပါတီတစ်ခု (သို့) ကိုယ်စားလှယ်လောင်းတစ်ဦးအား သင့်သတင်း ဖော်ပြချက်အပေါ် လွှမ်းမိုးခွင့်ပေးခြင်း သို့မဟုတ် လမ်းလွှဲစေမည့် အချက်အလက်များကို ဖြန့်ချိခြင်း၊

## (၁.၂) ရွေးကောက်ပွဲသတင်းတင်ပြခြင်း

- သတင်းမီဒီယာကျင့်ဝတ် – မီဒီယာအစီအစဉ်များဆိုင်ရာကျင့်ဝတ်များ (၁)တွင် ချမှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ၌ သတင်းနှင့်မျက်မှောက်ရေးရာများ အစီရင်ခံရာတွင် 'ဘက်မလိုက်ရေးနှင့် မျှတရေး'တို့ကို ဘက်မျှအောင် ထိန်းညှိရေး၊ ဘက်မလိုက်ရေးနှင့် မျှတရေး'တို့ကို မီဒီယာများက တင်းကျပ်စွာ စောင့်ထိန်းလေးစားရမည်။
- ရွေးကောက်ပွဲကာလအတွင်း သဘောထားအမြင်စစ်တမ်း ကောက်ယူမှုများကို သတင်းမီဒီယာများက မျှတစွာ သတင်းရေးသားတင်ဆက်သင့်ပြီး၊ စစ်တမ်းရလဒ်၏ အဓိပ္ပာယ်ကိုလည်း ရှင်းရှင်းလင်းလင်း သိစေသင့်ပါသည်။

ဟန်ချက်ညီခြင်း၊ ဘက်မလိုက်ခြင်း၊ မျှတခြင်း ဥပဒေသများသည် အချိန်တိုင်း အရေးပါသည်။ ရွေးကောက်ပွဲကာလအတွင်း အကဲဆတ်ခြင်းနှင့် မီဒီယာဘက်လိုက်မှုကြောင့် ဖြစ်လာနိုင်သည့် ဆိုးရွားသော ရိုက်ခတ်မှုတို့ကြောင့် ထိုဥပဒေသများကို အထူးအရေးတကြီး လိုက်နာသင့်သည်။ အချို့တိုင်းပြည်များတွင် ပါတီတစ်ခု၊ ကိုယ်စားလှယ်လောင်း တစ်ဦးအပေါ် မီဒီယာတို့ အလွန်အကျွံဘက်လိုက်မှုကြောင့် ပါတီနှင့် ကိုယ်စားလှယ်လောင်းအားလုံး မျှမျှတတ ယှဉ်ပြိုင်ရမည့် ရွေးကောက်ပွဲ၏အဆင့်ကို ထိခိုက်စေပြီး ရွေးကောက်ပွဲ၏ မျှတမှုသိက္ခာကိုလည်း ဆိုးဆိုးဝါးဝါး ကျဆင်းသွားစေသည်။ မြန်မာနိုင်ငံတွင် ဘက်မျှအောင် ထိန်းညှိရေးတာဝန်ကို ပုံနှိပ်၊ အသံလွှင့်၊ အွန်လိုင်း စသည့် သတင်းမီဒီယာအားလုံးတွင် ကျင့်သုံးလိုက်နာကြရပါမည်။

### Dos (လုပ်ဆောင်ရန်)

- မျှတ၍ ဟန်ချက်ညီသောသတင်းနှင့် မျက်မှောက်ရေးရာ ထုတ်လွှင့်ရေးသားမှုများကို အမြဲတမ်း ဖော်ပြတင်ဆက်ရန်၊
- သတင်းနှင့်မျက်မှောက်ရေးရာ အစီအစဉ်များကို ရွေးချယ်တင်ဆက်ရာတွင် နိုင်ငံရေး အရ ထည့်သွင်းစဉ်းစားမှုများထက်စာလျှင် သတင်းတစ်ပုဒ်၏ တန်ဖိုးအပေါ် အခြေခံ၍ ရွေးချယ်ရန်၊
- အာဏာရပါတီနှင့် အခြားဦးဆောင်ပါတီများအကြောင်း သတင်းဖော်ပြရာတွင် ဘက်မျှမှုရှိကြောင်း သေချာရန်၊

- ™ အစိုးရကသာ သတင်းများကို အမြဲတစေ ဖန်တီးသည်ဟူသော အချက်ကို ချေဖျက်ရန်အတွက် ဝိုင်းဖွဲ့ဆွေးနွေးခန်းများတွင် အခြားဦးဆောင်ပါတီများကိုလည်း သတင်းဝေဖန်ပိုင်ခွင့် အထူးအခွင့်အရေးပေးရန် လိုအပ်သည်။

- ပါတီနှင့်ကိုယ်စားလှယ်လောင်းအားလုံးအား မျှတမှုနှင့် လုံးဝဘက်မလိုက်မှုကို အခြေခံကာ ကြော်ငြာပေးရန် (ကြော်ငြာခနှင့် နေရာ သို့မဟုတ် အချိန်ကာလ နှစ်မျိုးစလုံး)၊ (အမြောက်အမြား ကြော်ငြာရာတွင် ဈေးလျှော့ပေးခြင်းကို မလုပ်ရဟု မဆိုလိုပါ)။
- ပုံနှိပ်မီဒီယာများ၌ ခေါင်းကြီးပိုင်းကို အခြားသတင်းများ၊ မျက်မှောက်ရေးရာ အစီရင်ခံချက်များနှင့် ရှင်းရှင်းလင်းလင်း ခွဲထားသင့်သည်။
- အသံလွှင့်ဌာနများအနေဖြင့် တိုက်ရိုက်တွေ့ဆုံမှုအစီအစဉ်များ တင်ဆက်ဖို့ စဉ်းစားပါ။ (ပါတီများ၏ အစီအစဉ်များကို လူထုထံ အသိပေးတင်ပြရန် အခမဲ့နှင့် စရိတ်နည်း အခွင့်အလမ်းများ) ပထမဆုံး ဒီမိုကရေစီရွေးကောက်ပွဲတွင် ယင်းအခွင့်အလမ်းများကို ပါတီအားလုံးအား တန်းတူရည်တူပေးသင့်သည်။
- ကြော်ငြာနှင့် တိုက်ရိုက်မေးမြန်းမှု အစီအစဉ်အားလုံးသည် မီဒီယာနှင့် မဆိုင်ဘဲ ပါတီများထံမှဖြစ်ကြောင်း ခွဲခြားဖော်ပြရမည်။
- စာဖတ်သူများ၊ နားထောင်သူများနှင့် ကြည့်ရှုသူများအနေဖြင့် သဘောထားစစ်တမ်းများကို တိကျမှု ရှိ၊ မရှိ အကဲဖြတ်နိုင်ရန် လုံလောက်သော သတင်းအချက်အလက်များဖြင့် ဖော်ပြပေးသင့်ပါသည်။ အမြဲတစေ ရှင်းရှင်းလင်းလင်းဖြစ်ရမည့် အချက်များမှာ –

  - ™ စစ်တမ်းကောက်ယူမှုကို မည်သူက တာဝန်ပေးအပ်နှံသနည်း။ (နိုင်ငံရေးပါတီတစ်ခု (သို့မဟုတ်) မီဒီယာတစ်ခုခု)
  - ™ မည်သူကလုပ်ဆောင်သည်။ (စစ်တမ်းကောက်ယူသည့်ကုမ္ပဏီက ၎င်းတို့ကိုယ်တိုင် ကောက်ယူခြင်း ဟုတ်၊ မဟုတ်)
  - ™ စစ်တမ်းကောက်ယူမှုကို မည်သို့လုပ်ဆောင်သနည်း။ (စစ်တမ်းကောက်ယူပုံ နည်းစနစ်၊ နမူနာမေးမြန်းခဲ့သည့် လူပမာဏ၊ မေးမြန်းခဲ့သည့် နေရာများ၊ ကောက်ယူခဲ့သည့်ကာလနှင့် မှားယွင်းနိုင်မှုအနေအထား စသည်ဖြင့်)
  - ™ မီဒီယာများကိုယ်တိုင် စစ်တမ်းလုပ်ဆောင်မည့်သူကို ရွေးချယ်မည်ဆိုလျှင် သင့်လျော်သော ကိုယ်စားပြုမှု သေချာစေရန် ပရော်ဖက်ရှင်နယ် စစ်တမ်းကောက်သည့် ကုမ္ပဏီကို ရွေးပါ။

**Don'ts (ရှောင်ရန်)**

- အလွန်အကျွံသတင်းဖော်ပြခြင်း (သို့) ပါတီ၊ ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လိုသည်ထက်ပို၍ အကောင်း၊ အဆိုး ဖော်ပြခြင်း မပြုလုပ်ရပါ။
- ရွေးကောက်ပွဲနှင့် ပတ်သက်သော သတင်းယူကြမည့် သတင်းမီဒီယာသမားများသည် နိုင်ငံရေးပါတီများကို ကိုယ်စားပြုသည့် တံဆိပ်၊ ဦးထုပ် သို့မဟုတ် အခြားပစ္စည်းများ မဝတ်ဆင်သင့်ပါ။
- အသံလွှင့်ဌာနများသည် ခေါင်းကြီးပိုင်းအစီအစဉ် မပြုလုပ်ရပါ။
- မဲစတင်ပေးခြင်းနှင့် မဲပေးသည့် ကာလမတိုင်မီ ၂၄ နာရီ အလိုတွင် သဘောထား စစ်တမ်းရလဒ်များ တင်ဆက်မှု မလုပ်ရပါ။

## (၁.၃) ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ကြေညာချက်များအတွက် တာဝန်ရှိမှု

- ➢ ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများကဖြစ်စေ၊ ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများကဖြစ်စေ၊ ထုတ်ဖော်ပြောဆိုသမျှအား အရင်းအတိုင်း ဖော်ပြသည့်အတွက် သတင်းမီဒီယာကျင့်ဝတ်အရ သတင်းမီဒီယာများတွင် တာဝန်ရှိသည်ဟု မယူဆနိုင်ပါ။ သို့ရာတွင် ထိုပြောဆိုသမျှအား ထောက်ခံခြင်း၊ လိုက်လျောအတည်ပြုပေးခြင်းများ မီဒီယာတို့က မပြုရပါ။ နိုင်ငံရေးအရ ပြောဆိုသမျှသည် သိသာစွာ ထိခိုက်အန္တရာယ်ရှိနိုင်ကြောင်း ကျိုးကြောင်းခိုင်လုံစွာ ထင်ရှားစွာ သိသာနေပါက ဖော်ပြသည့် မီဒီယာတွင် တာဝန်ရှိသည်။

ရွေးကောက်ပွဲကာလအတွင်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက ထုတ်ပြန်သော ကြေညာချက်များ၏ တရားဝင်မှုကို ကြားဝင်အကဲဖြတ် ဆောင်ရွက်ခြင်းသည် မီဒီယာများ၏ကဏ္ဍ မဟုတ်ပါ။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက ၎င်းတို့အကြောင်း ၎င်းတို့ဖော်ပြရာတွင် လွတ်လပ်မှုရှိရန် အရေးကြီးပြီး မီဒီယာများမှ ကြိုတင် ဆင်ဆာဖြတ်တောက်မိပါက အန္တရာယ်ကြီးနိုင်ပါသည်။ ပိုမိုကောင်းမွန်သည့် ဟန်ချက်ညီအောင် လုပ်ဆောင်ရန်မှာ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ထုတ်ပြန်ကျေညာချက်ကို ကိုယ်တိုင်တာဝန်ယူရေး ဖြစ်ပါသည်။ ကြေညာချက်ကို မီဒီယာများတွင် ဖော်ပြပြီးမှသာ အကဲဖြတ်မှုကိုလည်း လုပ်သင့်ပါသည်။

## Dos (လုပ်ဆောင်ရန်)

- ပါတီများ၊ ကိုယ်စားလှယ်လောင်းများမှ ပေးပို့သော ကြေညာချက်များ၊ ကြော်ငြာများ၊ တိုက်ရိုက်တွေ့ဆုံမှု အစီအစဉ်များ၊ တိုက်ရိုက်ထုတ်ပြန်ချက်များ (ဥပမာ–အင်တာဗျူး အတွင်း)ကို အရင်းအတိုင်း ဖော်ပြပေးပါ။
- အထက်ပါအချက်များမှလွဲ၍ အလွန်အကြူးဖြစ်ရပ်များတွင် ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ထုတ်ပြန်ချက်များက အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိသာထင်ရှားပါက (ဥပမာ– လူထုအကြမ်းဖက်အောင် လှုံ့ဆော်ရန် အလားအလာရှိပါက) ၎င်းထုတ်ပြန်ချက်များကို ဖော်ပြဖို့ ငြင်းဆန်ပါ။

## Don'ts (ရှောင်ရန်)

- ပါတီများ၊ ကိုယ်စားလှယ်လောင်းများက ပေးပို့သော ထုတ်ပြန်ချက်များကို အားပေးခြင်း၊ ထောက်ခံခြင်းမပြုလုပ်ရပါ။
- ပါတီများ၊ ကိုယ်စားလှယ်လောင်းများထံမှ သိသိသာသာ အန္တရာယ်ဖြစ်စေနိုင်သော ထုတ်ပြန်ချက်များကို ဖော်ပြခြင်းမပြုလုပ်ရပါ။

## (၁.၄) ပြဿနာကို လျင်မြန်စွာ ကိုင်တွယ်ပြုပြင်ခြင်း

- ရွေးကောက်ပွဲကာလတွင် မီဒီယာများသည် ရွေးကောက်ပွဲ ဆက်စပ်အကြောင်းအရာနှင့် ပတ်သက်၍ မမှန်မကန် (သို့) ဂုဏ်သိက္ခာ ထိခိုက်စေသော အကြောင်းအရာကို ဖော်ပြမိပါက ပြန်လည်ပြင်ဆင်ချက်ကို သတင်းစာဆိုပါက နောက်တစ်စောင်တွင်၊ အသံလွှင့်ဌာနဆိုပါက နောက်တစ်နေ့တွင် ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန် ဖော်ပြပေးရမည်။
- ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲ ဆက်စပ်အကြောင်းအရာများနှင့် ပတ်သက်သည့် တိုင်ကြားမှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် အလုပ်လုပ်ရက် ၃ ရက်အတွင်း ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန် ဆက်လက်ဆောင်ရွက်ပေးသွားမည်။

ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်များသည် တစ်ရက်ပြီးတစ်ရက် သတင်းများကို နားစွင့် အခြေခံကာ 'ဘယ်သူ့ကို မဲပေးရမလဲ'ဟု ဆုံးဖြတ်ရသောကြောင့် ပြဿနာကို မြန်ဆန်စွာ ဖြေရှင်းပေးခြင်းသည် အနှစ်သာရ ရှိလှပါသည်။ ဥပမာအားဖြင့် ကိုယ်စားလှယ်လောင်းတစ်ဦးနှင့် ပတ်သက်၍ မှားယွင်းဖော်ပြချက်မျိုးသည် မဲဆန္ဒရှင်များက ၎င်းအပေါ် တစ်မုဟုတ်ချင်း ဆန့်ကျင်ဘက်သဘောထားသို့ ပြောင်းလဲသွားစေနိုင်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ရွေးကောက်ပွဲကာလအတွင်း (နိုင်ငံရေးပါတီ၊ မီဒီယာနှင့် အများပြည်သူတို့က ပေးပို့သော) ရွေးကောက်ပွဲ သတင်းဖော်ပြချက်နှင့် ပတ်သက်သည့် တိုင်ကြားမှု မှန်သမျှကို မည်သည့်ကိစ္စမဆို အလုပ်လုပ်ရက် ၃ ရက်အတွင်း တတ်နိုင်သမျှ မြန်ဆန်စွာ ဖြေရှင်းပေးသွားမည်။

လက်ခံဖြေရှင်းပေးသွားမည့် တိုင်ကြားမှုအမျိုးအစား သုံးခုမှာ–

- ™ မီဒီယာတစ်ခုခုက ဖော်ပြသော အကြောင်းအရာနှင့်သက်ဆိုင်သည့် တိုင်ကြားမှုများ (ပုံမှန်ဖြေရှင်းမှု အတိုင်းအတာဖြင့် ပုံမှန်လမ်းကြောင်းအတိုင်း ဆောင်ရွက်ပေးမည်။)
- ™ ပါတီ (သို့) ကိုယ်စားလှယ်လောင်းတစ်ဦးဦးက ပေးပို့ပြီး မီဒီယာတစ်ခုက ထုတ်ပြန်ပေးသော အကြောင်းအရာနှင့် ပတ်သက်သည့် တိုင်ကြားမှုများ (ယင်းကိစ္စမျိုးတွင် မီဒီယာက တိုက်ရိုက်တာဝန်ယူစရာ မလိုသော်လည်း အကြောင်းအရာသည် သတင်းမီဒီယာကျင့်ဝတ်ကို ဖောက်ဖျက်မှုရှိပါက တာဝန်ယူရမည့်သူသည် သက်ဆိုင်ရာ မီဒီယာမဟုတ်ဘဲ ပါတီ(သို့) ကိုယ်စားလှယ်လောင်းသာ ဖြစ်ကြောင်း ရှင်းလင်းသည့် အသိပေးချက်ကို ဖော်ပြပေးရန် သတင်းမီဒီယာကောင်စီက သက်ဆိုင်ရာမီဒီယာကို တောင်းဆိုသွားမည် ဖြစ်သည်။) အကြောင်းအရာသည် ကျင့်ဝတ်ကိုချိုးဖောက်မှု မရှိပါက စောဒကတက်မှုကို ပယ်ချသွားမည်။
- ™ သိသိသာသာ အန္တရာယ်ဖြစ်စေနိုင်သည်ဟု ယူဆရသော အကြောင်းအရာကို သက်ဆိုင်ရာမီဒီယာက ထုတ်ပြန်ပေးရန် ငြင်းဆိုသော အခြေအနေမျိုးမှ ထွက်ပေါ်လာသော တိုင်ကြားမှုများ (ယင်းကိစ္စမျိုးတွင် အကြောင်းအရာကလည်း သတင်းမီဒီယာကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းမရှိ၊ သိသိသာသာ အန္တရာယ်ဖြစ်စေနိုင်သောအချက်ကိုလည်း မတွေ့ရှိပါက ထိုအကြောင်းအရာကို ဖော်ပြပေးရန် သက်ဆိုင်ရာမီဒီယာကို ကောင်စီက တောင်းဆိုပေးမည်။) ရေးကြီးခွင်ကျယ် ကိစ္စမဟုတ်လျှင် စောဒကတက်မှုကို ပယ်ချသွားမည်။

## Dos (လုပ်ဆောင်ရန်)

- ရွေးကောက်ပွဲ ဆက်စပ်အကြောင်းအရာ ဖော်ပြချက်နှင့်ပတ်သက်၍ သတင်းမီဒီယာ ကျင့်ဝတ်ကို ချိုးဖောက်သော အချက်အလက်မှားယွင်းမှုနှင့် ဂုဏ်သိက္ခာကျစေသည့် ဖော်ပြချက်များကို ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန် ပြန်လည်ပြင်ဆင်ချက် ဖော်ပြပေးရန်။ ဆိုလိုသည်မှာ ပုံနှိပ်မီဒီယာဆိုပါက နောက်တစ်စောင် သို့မဟုတ် အသံလွှင့်ဌာန ဆိုပါက နောက်တစ်နေ့တွင် ဖော်ပြရမည့်အပြင် အွန်လိုင်းမှတစ်ဆင့် ဖြစ်နိုင်သမျှ အမြန်ဆုံးဖော်ပြရန် (ဆိုလိုသည်မှာ ဝက်ဘ်ဆိုက် သို့မဟုတ်/နှင့် ဖေ့စ်ဘုတ်တို့မှ)
- သတင်းမီဒီယာသည် မှားယွင်းဖော်ပြမှုအတွက် သတိပေးခံရပြီးဖြစ်ပါက (သို့) ထိုဖော်ပြချက်သည် သတင်းမီဒီယာကျင့်ဝတ်ဖောက်ဖျက်ကြောင်း၊ ပိုမိုရှုပ်ထွေးသည့် ကိစ္စရပ်ဖြစ်ကြောင်း သတင်းမီဒီယာကောင်စီက ဆုံးဖြတ်သော ကိစ္စရပ်ဖြစ်ပါက ပြင်ဆင်ချက်ထည့်ပေးရန် အကျုံးဝင်သည်။
- ရွေးကောက်ပွဲနှင့် ဆက်စပ်သော ဖော်ပြချက်သည် ရွေးကောက်ပွဲအကြောင်းအရာ ဖြစ်ရမည့်အပြင်၊ ပါတီ၊ ကိုယ်စားလှယ်လောင်းတစ်ဦးက ပေးသောအချက်အလက် တစ်ခုခု ပါဝင်ရမည်ဖြစ်ပြီး ပါတီ၊ ကိုယ်စားလှယ်လောင်း အမည်ကို ဖော်ပြရမည်။ (သို့) ရွေးကောက်ပွဲနှင့် သက်ဆိုင်ကြောင်း အကျိုးသင့် အကြောင်းသင့် နားလည် သိရှိစေရမည်။
- ရွေးကောက်ပွဲနှင့်ပတ်သက်သော တိုင်ကြားချက်များအပေါ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဆုံးဖြတ်ချက်များကို သတင်းမီဒီယာများက တတ်နိုင်သမျှ အမြန်ဆုံးဖော်ပြရမည်။

## Don'ts (ရှောင်ရန်)

- သတင်းမီဒီယာကောင်စီသည် (တိုင်ကြားမှုများအပေါ်တွင်) ရွေးကောက်ပွဲ ဆက်စပ် အကြောင်းအရာ ဟုတ်၊ မဟုတ်နှင့် သတင်းမီဒီယာ ကျင့်ဝတ်ဖောက်ဖျက်မှု ရှိ၊ မရှိ စဉ်းစားရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိရပါ။

## (၁.၅) ရွေးကောက်ပွဲရလဒ်များကို သတင်းဖော်ပြခြင်း

➢ သတင်းမီဒီယာများသည် ရွေးကောက်ပွဲယှဉ်ပြိုင်မှု ရလာဒ်များကို ခန့်မှန်းသတင်းဖော်ပြရာတွင် (ဥပမာ– အနိုင်ရသူကို ခန့်မှန်းရာတွင်) တာဝန်ယူမှုရှိရှိ လုပ်ဆောင်ရမည်။

အခြေအနေအများစုတွင် သတင်းမီဒီယာများသည် ရွေးကောက်ပွဲအနိုင်ရသူများကို တစ်ခါတစ်ရံ ထိထိရောက်ရောက် ခန့်မှန်းပြောဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံတွင် ရွေးကောက်ပွဲနှင့်ဆိုင်သော တိုင်ကြားမှုများ၊ အယူခံမှုများအားလုံးကို ဖြေရှင်းပေးရန် (ရွေးကောက်ပွဲ ကော်မရှင်ကဲ့သို့သော) တရားဝင်အဖွဲ့အစည်းများကို တောင်းဆိုနေချိန်တွင် မီဒီယာများသည် ရွေးကောက်ပွဲအနိုင်ရသူများကို ၎င်းတို့၏ ကျွမ်းကျင်မှုဖြင့် စောစောစီးစီးဆုံးဖြတ် ခန့်မှန်းပြောဆို နိုင်ကြပါသည်။

### Dos (လုပ်ဆောင်ရန်)

- သတင်းမီဒီယာများသည် ရွေးကောက်ပွဲ အောင်နိုင်သူကို ခန့်မှန်းပြောဆိုသည့် ကိစ္စတိုင်းတွင် လွန်စွာ တာဝန်ယူမှုရှိရှိ လုပ်ဆောင်ပါ။

### Don'ts (ရှောင်ရန်)

- ယင်းကဲ့သို့ ခန့်မှန်းပြောဆိုရာတွင် ခိုင်ခိုင်မာမာ၊ အကျိုးသင့် အကြောင်းသင့် ယုံကြည်ထိုက်သော အခြေခံအချက်အလက်များ မရသေးခင် ရွေးကောက်ပွဲ ခန့်မှန်းမှု ပြုလုပ်ခြင်း မပြုလုပ်ရပါ။
- ရလဒ်များ မသဲကွဲသေးဘဲ အနိုင်ရသူကို ထုတ်ဖော်ကြေညာခြင်း မပြုလုပ်ရပါ။

# အခန်း (၂)

# မြန်မာသတင်းမီဒီယာသမားများအတွက် ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

## (၂.၁) ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး သရုပ်ပြပုံများ




**မဲရုံဖွင့်ချိန်**

----လ၊ -----ရက်၊ -----နေ့ နံနက် ၆ နာရီ

**မဲရုံပိတ်ချိန်**

----လ၊ -----ရက်၊ -----နေ့ ညနေ ၄ နာရီ




**မဲစာရင်း**

မဲဆန္ဒနယ်အလိုက် မဲပေးခွင့်ရှိသူများစာရင်းကို ကြေညာထားတဲ့ စာရင်းပါ။ မဲစာရင်းမှာ အမည်မပါရင် မဲပေးလို့မရပါ။ မဲစာရင်းမှာ မိမိအမည် ပါ၊ မပါကို ရပ်ကွက်ကောက်မရှင်က မဲစာရင်းကပ်ချိန်တွင် သွားရောက်စစ်ဆေးပါ။ မပါရင် မဲစာရင်းမှာ ထည့်ပေးဖို့ တောင်းဆိုပါ။




**ဆန္ဒမဲလက်မှတ်**

ရောင်စုံပုံနှိပ်ထားတဲ့စာရွက်ပါ။ မဲလက်မှတ်ဟာ နှစ်ခြမ်းရှိပြီး မဲလက်မှတ်ထုတ်ပေးသူမှ ဖြတ်ပေးလိုက်ပြီး လက်ခံထားရှိမယ့်ဘက်အခြမ်းမှာ မိမိရဲ့အမည်၊ မဲစာရင်း အမှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်တို့ပါရှိမှာ ဖြစ်ပြီး၊ မိမိဆန္ဒပြုရမယ့် အခြားတစ်ခြမ်းမှာ ကိုယ်စားလှယ်လောင်း အမည်၊ တံဆိပ်နဲ့ ဆန္ဒပြုဖို့ လေးထောင့်ကွက် (☐) တို့သာ ပါရှိမှာပါ။ မိမိကိုသိရှိနိုင်တဲ့ **အခြားမည်သည့် အမှတ်အသားမျှ မပါဝင်ရပါ။**




**မဲပုံး**

ပလတ်စတစ် အကြည်ပုံးများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုး မဲပုံး စသည့်မဲပုံးများတွင် လွှတ်တော်အမည်ပါ စာရွက်များ ကပ်ထားမှာပါ။



**လျို့ဝှက်ဆန္ဒပြုရာနေရာ**

မဲပြားပေါ်မှာ လျို့ဝှက်စွာ ဆန္ဒပြုနိုင်တဲ့နေရာ ဖြစ်တယ်။ လျို့ဝှက်စွာ ဆန္ဒပြုနိုင်ရန် လုံခြုံခြင်းရှိ၊ မရှိကို သင်ကိုယ်တိုင် သိရှိခံစားရပါလိမ့်မယ်။




**ပယ်မဲ**

၁။ ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်
၂။ မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်
၃။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်
၄။ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်
၅။ ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်
၆။ ဆန္ဒမဲလက်မှတ်အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့်ဆန္ဒမဲလက်မှတ်
၇။ ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်
၈။ ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်
၉။ ကော်မရှင်က ပယ်မဲအဖြစ်သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ



**ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သူများ**

ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေသည့်–

၁။ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ
၂။ ကျောင်းသားများ
၃။ သင်တန်းသားများ
၄။ အခြားမဲဆန္ဒရှင်များ
၅။ အချုပ်ခံနေရသူများ
၆။ ဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်နေသူများ
၇။ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ

➤ အသေးစိတ်ကို စာမျက်နှာ (၂၈) တွင် ဖော်ပြထားပါသည်။




**ဒါတွေလုပ်ပါ**

- မဲစာရင်းကို ကိုယ့်အမည် ပါ၊ မပါ ကြိုတင်သွားကြည့်ပါ။
- ကိုယ်မဲပေးရွေးချယ်ရမယ့် ကိုယ်စားလှယ်လောင်းများစာရင်းကို ကြိုတင်သွားကြည့်ပါ။
- မဲစာရင်းတွင် မိမိအမည်မပါလျှင် ရပ်ကွက်ကော်မရှင်ကို အမြန်အကြောင်းကြားပါ။
- **ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင် မဖြစ်မနေ ယူဆောင်သွားပါ။**
- မဲရုံမပိတ်မီ တတ်နိုင်သမျှ စောစောသွားပါ။
- မဲပေးပုံ အဆင့်ဆင့်အတိုင်း လုပ်ဆောင်ပါ။
- ဆန္ဒပြုရာတွင် အမှန် (✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို ထင်ရှားစွာ ရိုက်နှိပ်ပါ။
- လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။
- တတ်နိုင်ပါက မဲရေတွက်ရာတွင် ပါဝင်စောင့်ကြည့်နိုင်ပါသည်။







**ဒါတွေမလုပ်ပါနဲ့**

- မဲရုံကို ဘာမပစ္စည်းမှ မယူရပါ။
- မဲလက်မှတ်ကို မဲရုံပြင်ပသို့ ယူဆောင်မသွားရပါ။
- ပယ်မဲဖြစ်စေမယ့် အချက်များကို မပြုလုပ်ရပါ။
- အခြားမဲပေးသူများကို အနှောင့်အယှက် မပြုရပါ။
- **မဲရုံတစ်ရုံထက်ပိုပြီး မဲမပေးရပါ။**





**ဘာကြောင့် မဲပေးသင့်တာလဲ**

ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီဖြစ်စဉ်မှာ မဖြစ်မနေဖြတ်သန်းရတဲ့ အရာတစ်ခုပါ။ ဒီမိုကရေစီဆိုတာ ပြည်သူအုပ်ချုပ်ခြင်း၊ ပြည်သူ့အစိုးရပါပဲ။ ဒီတော့ ရွေးကောက်ပွဲတွေဟာ ပြည်သူ့အတွက်၊ ပြည်သူ့ကိုယ်စား စီမံအုပ်ချုပ်ပေးမယ့် ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးချယ်ပေးရတဲ့ ပွဲတစ်ခုပါ။ ပြည်သူလူထုဟာ ရွေးကောက်ပွဲတွေမှာ ပါဝင်မဲပေးရွေးချယ်ကြမှသာ ပြည်သူလူထုကို အမှန်တကယ် ကိုယ်စားပြုပြီး ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်စစ်စစ်တွေ ပေါ်ထွက်လာနိုင်မှာဖြစ်ပါတယ်။ ယုံကြည်ချက်တူတဲ့ နိုင်ငံသားပေါင်းများစွာရဲ့ ဆန္ဒမဲပေါင်းများစွာကို ပေါင်းစည်းလိုက်ရင်တော့ အရာရာကို ပြောင်းလဲပစ်နိုင်တဲ့ အင်အားကြီးတစ်ရပ် ဖြစ်သွားမှာ အမှန်ပါပဲ။




**ဘာကို မဲပေးရမှာလဲ**

မကြာခင်ကျင်းပမယ့်ရွေးကောက်ပွဲမှာ မိမိတို့ပြည်သူလူထုဟာ လွှတ်တော်အသီးသီးမှာ ဥပဒေပြုတာဝန် ထမ်းဆောင်ကြမယ့် လွှတ်တော်အမတ်များကို ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှာ –

* အမျိုးသားလွှတ်တော်

* ပြည်သူ့လွှတ်တော်

ဆိုတဲ့ လွှတ်တော်နှစ်ရပ်ရှိပြီး၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာလည်း –

* ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်

ဆိုပြီး လွှတ်တော်တစ်ရပ်ရှိနေမှာဖြစ်တာကြောင့် စုစုပေါင်းလွှတ်တော် သုံးရပ်အတွက် နိုင်ငံသားတစ်ဦးဟာ အနည်းဆုံး မဲသုံးမဲ ပေးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်တွေမှာ ပါဝင်ကိုယ်စားပြုမယ့် တိုင်းရင်းသား အမတ်များအတွက် (ဥပမာ–ရန်ကုန်တိုင်းတွင် ရခိုင်နှင့်ကရင်) သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများဟာ နောက်ထပ် မဲတစ်မဲ ထပ်မံပေးရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ ခေါ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဟာ သမ္မတရွေးချယ်ပေးရမယ့် တာဝန်ရှိတာမို့ မိမိတို့ပြည်သူလူထုဟာ သမ္မတနဲ့ အစိုးရအဖွဲ့ကိုလည်း သွယ်ဝိုက်ပြီး ရွေးချယ်ပေးလိုက်တာ ဖြစ်ပါတယ်။



**မဲပေးပုံအဆင့်ဆင့်**

၁။ မဲရုံသို့သွားရောက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ယူဆောင်သွားပါ။

၂။ ထိုသက်သေခံလက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြသပြီး မဲစာရင်းစာရွက်ပေါ်ရှိ မိမိအမည်စာရင်းတွင် လက်မှတ်ထိုးပါ။

၃။ မဲလက်မှတ်ထုတ်ပေးသူထံမှ ဆန္ဒမဲလက်မှတ်ကို ထုတ်ယူပါ။

၄။ မဲလက်မှတ်ထုတ်ပြီးလျှင် လျို့ဝှက်မဲပေးခန်း (သို့) လျို့ဝှက်ဆန္ဒပြုရန်နေရာသို့ သွားရောက်ပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်း၏ အမည်နှင့်တံဆိပ်ဘေးရှိ ဆန္ဒပြုရန် လေးထောင့်ကွက်နေရာတွင် အမှန်အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုပါ။

၅။ ဆန္ဒပြုပြီးပါက မဲလက်မှတ်ကို ခေါက်၍ မဲပုံးရှိရာသို့ ယူဆောင်သွားပါ။

၆။ ဆန္ဒပြုထားသော မဲလက်မှတ်အခေါက်ကို သက်ဆိုင်ရာလွှတ်တော်မဲပုံးသို့ ကိုယ်တိုင်သွားရောက်၍ ထည့်ပါ။

**မှတ်ချက်** ။ ။ အထက်ဖော်ပြပါ အဆင့်များအတိုင်း လွှတ်တော်သုံးရပ်အတွက် ဆန္ဒမဲ သုံးကြိမ်ထုတ်၊ သုံးကြိမ် ဆန္ဒပြု၊ သုံးကြိမ် မဲထည့်ရမည်ဖြစ်သည်။ တိုင်းရင်းသားလွှတ်တော် အမတ်များအတွက် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများမှ မဲတစ်မဲ ထပ်မံပေးရမည်။

## (၂.၂) မဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်

## မဲဆန္ဒရှင်

မဲဆန္ဒရှင်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးကို ခေါ်ပါသည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ

(က)ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊

(ဂ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူ၊

## ဆန္ဒမဲပေးပိုင်ခွင့်မရှိသူ

(က)သာသနာ့ဝန်ထမ်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူ၊

(ဃ)လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူ၊

(စ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

## မဲဆန္ဒရှင်တစ်ဦး၏ တာဝန်

(က)ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက မဲစာရင်းများကို ကြေညာသည့်အခါ သက်ဆိုင်ရာမဲစာရင်းတွင် မိမိ၏အမည် ပါဝင်ခြင်း ရှိ၊ မရှိကို လာရောက်ကြည့်ရှုရန်၊

(ခ) မဲရုံတွင် မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာရန်၊

## မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ

(က)လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက် တင်မြှောက်ခွင့်ရှိသည်။

(ခ) ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးလိုက ပေးနိုင်ပြီး မပေးလိုက မပေးဘဲ နေခွင့်ရှိသည်။

(ဂ) မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒမဲ တစ်မဲသာ ပေးခွင့်ရှိသည်။

(ဃ)ဆန္ဒမဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ဆန္ဒမဲမပေးတတ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမအရင်း တစ်ဦးဦးအား မိမိညွှန်ကြားသည့်အတိုင်း ဆန္ဒမဲလက်မှတ်ပေါ်၌ လျှို့ဝှက်ဆန္ဒပြုစေနိုင်သည်။ ယင်းပုဂ္ဂိုလ်များ မရှိခဲ့လျှင် မဲရုံတွင်ဆိုပါက မဲရုံမှူးအား အကူအညီ တောင်းခံနိုင်သည်။

(င) မသန်စွမ်းသူဖြစ်နေလျှင် မဲစာရင်း၌ပါရှိသော မိမိ၏ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက် ရွေးချယ်သောသူတစ်ဦးဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(စ) ရွေးကောက်ပွဲ မကျင်းပမီသော်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်သော် လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့မှ ၁၅ ရက်အတွင်းသော်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းခွင့်ရှိသည်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်ငွေစာရင်း မိတ္တူမှန်ကို တစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ ပေးဆောင်၍ လျှောက်ထား ရယူခွင့်ရှိသည်။

(ဇ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယင်းရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်း လျှောက်ထားနိုင်ခွင့် ရှိပါသည်။

(ဈ) ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

(က) မဲစာရင်းများ ကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး အောက်ပါအတိုင်း ဆောင်ရွက်ကြရမည်-

(၁) မဲစာရင်း၌ မိမိ၏အမည် ပါဝင်ခြင်းမရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃) ဖြင့် တင်သွင်းရမည်၊

(၂) မဲစာရင်းပါ အမည်နှင့်အခြားအချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့် တင်သွင်းရမည်၊

(၃) မဲစာရင်းပါအချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ (၄-ဂ) ဖြင့် တင်သွင်းရမည်၊

(၄) အပိုဒ်ခွဲ (က) (ခ)နှင့် (ဂ)ပါ တောင်းဆိုလွှာပုံစ (၃)၊ ကန့်ကွက်လွှာပုံစံ (၄)၊ ပြင်ဆင်လွှာပုံစံ (၄-ဂ)တို့ကို တင်သွင်းရန်ရှိသည့်အခါ မဲစာရင်းကြေညာသည့်နေ့ရက်မှ (၇) ရက်အတွင်း ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲသို့ တင်သွင်းရမည်၊

(ခ)မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရမည်။

(ဂ) မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရမည်။

(ဃ)ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆(၂) နှင့် နည်းဥပဒေ ၂၇(၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် (၉၀/၁/န(သ)နှင့်အတူ လက်ရှိ မဲဆန္ဒနယ် စာရင်း၌ မိမိအမည်ကို ပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရမည်။

(င) အပိုဒ်ခွဲ(ဃ)အရ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ယင်း ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်

နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄–ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃)ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရမည်။

(စ) အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိနိုင်စေရေးအတွက် တောင်းဆိုလွှာပုံစံ (၃–က) ဖြင့်သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရမည်၊ ယင်းကဲ့သို့ လျှောက်ထားခြင်းကို ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ ရက်ပေါင်း (၃၀)ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

## ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သူများ

(က)ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မိမိနှင့် သက်ဆိုင်သော မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးထေးသွားရန်ရှိပါက ယင်းသို့ ခရီးထေးသွားရန်ရှိကြောင်း ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲသို့ ခိုင်လုံသော အထောက်အထားကို တင်ပြနိုင်သူများ၊

(ခ) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန် ထမ်းဆောင်ရသောဝန်ထမ်း သို့မဟုတ် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များ၊

(ဂ) မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲ မပေးနိုင်သော အောက်ဖော်ပြပါ မဲဆန္ဒရှင်များ–

(၁) အနာကြီးရောဂါ စွဲကပ်နေသူများ၊

(၂) ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူများ၊

(၃) အသက်အရွယ် ကြီးရင့်နေသူများ၊

(၄) နေအိမ်တွင် မီးဖွားနေသူများ၊

(၅) မသန်စွမ်းသူများ

(၆) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊

(၇) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများ၊

(ဃ)ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မဲဆန္ဒနယ်၏ပြင်ပတွင် ရောက်ရှိနေသော အောက်ဖော်ပြပါ မဲဆန္ဒရှင်များ–

(၁) တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၊

(၂) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊

(၃) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊

(၄) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊

(၅) အချုပ်ခံနေရသူများ၊

(၆) ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ၊

(၇) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊

မှတ်ချက်။ ။အပိုဒ်ခွဲ (၄)ပါ မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ ဆိုသည်မှာ–

ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅(ခ)နှင့် ပုဒ်မ ၄၅(ဂ)(၇)ပါ မဲဆန္ဒရှင်များမှအပ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား စီးပွားရေး လုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ် ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်း အမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များကို ဆိုသည်။

## မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လိုက်နာရမည့် အချက်များ

(က)ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များဖြစ်သည့် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့ တက်ရောက်နေရသော အတွင်းလူနာများသည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် ကြေညာပြီးလျှင်ပြီးချင်း မိမိတို့နှင့် သက်ဆိုင်သည့် ဌာနအကြီးအမှူးများထံမှ ပုံစံ(၁၅)များကို ရယူပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးလိုကြောင်း ဖြည့်သွင်းပြီး သက်ဆိုင်ရာဌာန အကြီးအမှူးများထံ ပြန်လည်ပေးပို့ရမည်။

(ခ) နိုင်ငံပြင်ပတွင်ရောက်ရှိနေသော မဲဆန္ဒရှင်များသည် မိမိတို့နှင့်သက်ဆိုင်သည့် သံရုံး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများ၏ အကြီးအမှူးများထံမှ ပုံစံ(၁၅)များကိုရယူပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးလိုကြောင်း ဖြည့်သွင်းပြီး သက်ဆိုင်ရာအကြီးအမှူးထံ ပြန်လည်ပေးပို့ရမည်။

## ကြိုတင်ဆန္ဒမဲပေးခြင်း နည်းလမ်းများ

(က)မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ

*၎င်းတို့အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးကို သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်သည်။*

(ခ) မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ

*သက်ဆိုင်ရာတပ်ဖွဲ့၌ တာဝန်အရှိဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့်နေရာ၌ ကြိုတင်ဆန္ဒမဲ လက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်ရှိပုဂ္ဂိုလ်ထံသို့ ချက်ချင်း ပြန်လည်ပေးအပ်ရမည်။*

(ဂ) မဲဆန္ဒနယ်ပြင်ပရောက် ဝန်ထမ်းအဖွဲ့အစည်းများ

*သက်ဆိုင်ရာအဖွဲ့အစည်း၏ တာဝန်အရှိ ဆုံးပုဂ္ဂိုလ်က စီစဉ်ပေးသည့် နေရာ၌ ကြိုတင်ဆန္ဒမဲ လက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်ရှိပုဂ္ဂိုလ်ထံသို့ ချက်ချင်း ပြန်လည်ပေးအပ်ရမည်။*

(ဃ)မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများနှင့် သင်တန်းသားများ

*သက်ဆိုင်ရာ ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးက စီမံပေးသည့်နေရာ၌ ကြိုတင်ဆန္ဒမဲ လက်မှတ်များတွင် မိမိတို့ ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲ လက်မှတ်များကို သက်ဆိုင်ရာစာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။*

(င) မဲဆန္ဒနယ်ပြင်ပရောက် အချုပ်ခံနေရသူများ

*သက်ဆိုင်ရာရဲစခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးက စီစဉ်ပေးသည့်နေရာ၌ ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ ဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်၌ ထည့်သွင်း၍လုံခြုံစွာ ပိတ်ပြီး ထိုအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်း အကြီးအမှူးထံသို့ ချက်ချင်းပြန်လည်ပေးအပ်ရမည်။*

(စ) မဲဆန္ဒနယ်ပြင်ပရောက် အတွင်းလူနာများ

*မိမိရှိရာ ခုတင်၌ပင် ဆေးရုံတာဝန်ခံက လာရောက်ပေးအပ်သည့် ကြိုတင်ဆန္ဒမဲ*

*လက်မှတ်များတွင် မိမိတို့ ဆန္ဒပြုလို သည့်အတိုင်း ရေးသွင်းကာ ယင်းကြိုတင်ဆန္ဒမဲ လက်မှတ်များကို သက်ဆိုင်ရာစာအိတ်၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ပြန်လည် ပေးအပ်ရမည်။ လူနာကိုယ်တိုင် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ရေးသွင်းရန် အခက်အခဲရှိလျှင် ဆေးရုံဝန်ထမ်းနှစ်ဦး ရှေ့မှောက်တွင် မိမိ၏ဆန္ဒအတိုင်း ရေးသွင်းစေရန် ဆေးရုံတာဝန်ခံထံမှ အကူအညီရယူ၍ ဆောင်ရွက်နိုင်သည်။*

(ဆ)နိုင်ငံပြင်ပတွင် ရောက်ရှိနေသည့် ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူများ

*သက်ဆိုင်ရာသံရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးက သတ်မှတ်ပေးသည့်နေရာတွင် သွားရောက်၍ ကြိုတင်ဆန္ဒမဲ လက်မှတ်တွင် မိမိဆန္ဒပြုလိုသည့်အတိုင်း ရေးသွင်းကာ စာအိတ်၌ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး သက်ဆိုင်ရာအကြီးအမှူးသို့ ပြန်လည်ပေးအပ်ရမည်။*

## ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲမပေးဖြစ်သူများ

ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် လည်းကောင်း အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည်လည်းကောင်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိသက်ဆိုင်ရာမဲရုံသို့ အချိန်မီပြန်လည်ရောက်ရှိလာပြီး သက်ဆိုင်ရာ ဌာနအကြီးအမှူး သို့မဟုတ် တပ်မှူး သို့မဟုတ် သံရုံးအကြီးအမှူး သို့မဟုတ် အမြဲတမ်း ကိုယ်စားလှယ်ရုံး အကြီးအမှူး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအမှူးထံမှ ဆန္ဒမဲ မပေးရသေးကြောင်း သက်သေခံ လက်မှတ်ကို တင်ပြနိုင်လျှင် သက်ဆိုင်ရာမဲရုံမှူးသည် ယင်းပုဂ္ဂိုလ်အား ထိုမဲရုံတွင် ဆန္ဒမဲပေးရန် ခွင့်ပြုရမည်။

## မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ

(က) ဆန္ဒမဲလက်မှတ်ကို ကိုယ်တိုင်လာရောက်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြု၍ မဲပုံးအတွင်းသို့ ကိုယ်တိုင် ထည့်ရမည်။

(ခ) ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းမပြုမီ မဲစာရင်း၌ တာဝန်ရှိသူက ပြသသောနေရာတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်းပြုရမည်။

(ဂ) မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုသာ ဆန္ဒမဲပေးရမည်။

(ဃ)မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးရမည်။

(င) ဆန္ဒမဲလက်မှတ် ရရှိလျှင် လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ် ပေါ်တွင် မိမိပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတ အမှတ်အသား တည့်တည့်တွင်ရှိသော လေးထောင့်အကွက်အတွင်း၌ အမှန်(✔) အမှတ်အသားပါရှိသည့် တံဆိပ်တုံးကို နှိပ်၍ ဆန္ဒပြုရမည်။

(စ) မိမိဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ သတ်မှတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်ရမည်။

(ဆ)ဆန္ဒမဲပေးခြင်းအားလုံးပြီးဆုံးလျှင် နောက်တစ်ကြိမ် ဆန္ဒမဲပေးနိုင်ခြင်း မရှိစေရန် တာဝန် ရှိသူကညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်း ပြုလုပ်ရမည်။

## မဲဆန္ဒရှင်တစ်ဦး ရှောင်ရန်အချက်များ

မဲဆန္ဒရှင်တစ်ဦးသည်

(က)ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူ တစ်ဦးအား မပေးရ၊

(ခ) ဆန္ဒမဲလက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ မထည့်သွင်းရ၊

(ဂ) အသုံးပြုဆဲဖြစ်သောမဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း မပြုရ၊

(ဃ)ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲ မပေးရ၊

(င) ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲ မပေးရ၊

(စ) သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ၊

(ဆ)ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် ဆန္ဒမဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်စုံတစ်ရာ မပြုလုပ်ရ၊

(ဇ) ဆန္ဒမဲလက်မှတ်ကို မဆုတ်ဖြဲရ၊

(ဈ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်တစ်ခုခုကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ မဲပုံးအတွင်းသို့ မထည့်သွင်းရ၊

(ည)ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊

## မဲဆန္ဒရှင်တစ်ဦး မှတ်သားရန်အချက်များ

(က)မဲရုံမသွားမီ မိမိ၏ မှတ်ပုံတင်ကတ်နှင့် မဲစာရင်းအမှတ်စဉ်(နံပါတ်) ပါ/မပါ သေချာစွာ စစ်ဆေးပါ။

(ခ) မဲစာရင်းစစ်ဆေးသူထံ သွားရောက်ပြီး မဲမပေးရသေးကြောင်း အထောက်အထားအဖြစ် မင်မသုတ်ရသေးသည့် ဘယ်ဘက်လက်သန်းကို ပြသပါ။ ထို့နောက် မိမိ၏မဲစာရင်း အမှတ်စဉ်နှင့် အမည်ကို ပြောပြပါ။ အထောက်အထားအဖြစ် မှတ်ပုံတင်ကတ်ကို ပြပါ။

(ဂ) မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မိမိက မဲစာရင်း၌ လက်မှတ်ရေးထိုးပေးရပါမည်။

(ဃ)ထို့နောက် မဲလက်မှတ်ထုတ်ပေးသူထံ သွားရောက်ပြီး မဲလက်မှတ်များကို ထုတ်ယူပါ။ မထုတ်ယူမီ မဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် လက်မှတ်ထိုးပေးရမည်။ မိမိမဲဆန္ဒနယ်တွင် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ရရှိပြီး မိမိသည်လည်း ယင်းတိုင်းရင်းသားဖြစ်ပါက မဲလက်မှတ် (၄) စောင် ရရှိမည် ဖြစ်သည်။ (ဥပမာ – ရန်ကုန်တိုင်း ဒေသကြီးအတွက် ရခိုင်တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်ရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်တိုင်းရင်းသား မဲဆန္ဒရှင်တစ်ဦးသည် ထိုကိုယ်စားလှယ်အတွက် မဲပေးခွင့် ရရှိသည်။

(င) မဲလက်မှတ်များကို ရရှိသည့်အခါ မဲရုံမှူး၏လက်မှတ်ပါ/မပါ သေချာစွာ စစ်ဆေးပါ။ မပါလျှင် လက်မှတ်ထိုးပေးရန် ပြောကြားပါ။

(စ) မဲလက်မှတ်များ စုတ်ပြဲမှု ရှိ/မရှိ၊ အစွန်းအထင်း ပါ/မပါ သေချာစွာကြည့်ပါ။ စုတ်ပြဲ/ စွန်းထင်းနေလျှင် မဲလက်မှတ်လဲပေးရန် တောင်းဆိုပါ။

(ဆ)ထို့နောက် လျှို့ဝှက်ဆန္ဒပြုခန်းသို့ သွားရောက်ပြီး မဲလက်မှတ်တစ်စောင်ချင်းကို နောက်စာမျက်နှာတွင် ပြထားသည့် မဲလက်မှတ်နမူနာပုံအတိုင်း သေချာစွာ တံဆိပ်နှိပ်၍ ဆန္ဒပြုပါ။ မိမိ မဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်၊ ၎င်းပါတီ၏ တံဆိပ် ညာဘက်တည့်တည့်တွင်ရှိသော အကွက်၌ တံဆိပ်နှိပ်ရန် ဖြစ်ပါသည်။

(ဇ) ဆန္ဒပြုပြီး မဲလက်မှတ်တစ်စောင်ချင်းအား သေချာစွာခေါက်ပြီး သက်ဆိုင်ရာ လွှတ်တော် မဲပုံးအသီးသီးတွင်ထည့်ပါ။ မဲပုံးမှား၍ မထည့်မိစေရန် ဂရုစိုက်ပါ။ ပြည်သူ့လွှတ်တော် မဲလက်မှတ်ကို အစိမ်းရောင်စက္ကူကပ်ထားသော မဲပုံးထဲသို့ ထည့်ရမည်။ အမျိုးသားလွှတ်တော် မဲလက်မှတ်ကို အပြာရောင်စက္ကူကပ်ထားသော

မဲပုံးထဲသို့ ထည့်ရမည်။ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်မဲလက်မှတ်ကို ခရမ်းရောင် ကပ်ထားသော မဲပုံးထဲသို့ ထည့်ရမည်။ တိုင်းရင်းသား ကိုယ်စားလှယ် လက်မှတ်ကို ခရမ်းရောင်ကပ်ထားသော မဲပုံးထဲသို့ ထည့်ရမည်။ တိုင်းရင်းသား ကိုယ်စားလှယ်လက်မှတ်ကို ခရမ်းရောင် ကပ်ထားပြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ဟု စာကပ်ထားသော မဲပုံးထဲသို့ ထည့်ရမည်။

(ဈ) မဲရုံမှ မထွက်မီ မဲပေးပြီးကြောင်း အမှတ်အသားအဖြစ် မင်တို့ရန်အတွက် မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ မိမိ၏ဘယ်ဘက်လက်သန်း လက်သည်းခွံ (အကယ်၍ ဘယ်ဘက်လက်သန်း မရှိပါက အခြားလက်ချောင်း တစ်ချောင်းချောင်း)ကို မင်သုတ်ခံရမည်။

(ည)မိမိထုတ်ယူထားသော မဲလက်မှတ်အားလုံးကို သက်ဆိုင်ရာ မဲပုံးအသီးသီးတွင် ထည့်ခဲ့ရန် မမေ့ပါနှင့်။ မဲရုံအပြင်သို့ မဲလက်မှတ်ပါသွားခဲ့လျှင် ရွေးကောက်ပွဲ ပြစ်မှုမြောက်သည်။

(ဋ) တစ်စုံတစ်ဦးက မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုခဲ့ပါသလဲ ဟုမေးလျှင် မဖြေပါနှင့်။ မိမိကိုယ်တိုင်လည်း မည်သူ့ကို မဲထည့်ခဲ့ကြောင်း အများကြားအောင် မပြောပါနှင့်။ မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲ ပြစ်မှုမြောက်သည်။ ညွှန်ကြားသည့်အတိုင်း လက်ချောင်းတစ်ချောင်းတွင် မင်တို့ခြင်း ပြုလုပ်ရမည်။

ရည်ညွှန်းကိုးကားချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရယူသည်။

## (၂.၃) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် တရားမဲ့ပြုကျင့်မှုများအကြောင်း သိမှတ်ဖွယ်

### ရွေးကောက်ပွဲဆိုင်ရာပြစ်မှု

ရွေးကောက်ပွဲဆိုင်ရာပြစ်မှုဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း ၁၃ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို ခေါ်ပါသည်။

### ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ကျူးလွန်ရာရောက်ခြင်း

ရွေးကောက်ပွဲတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို သို့မဟုတ် အများကို ကျူးလွန်ပါက ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကို ကျူးလွန်ရာရောက်ပါသည်။

(က) ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်ကြစေရန်
- (၁) အကြမ်းဖက်ခြင်း မပြုပါနှင့်။
- (၂) ခြိမ်းခြောက်ခြင်း မပြုပါနှင့်။
- (၃) မလျော်သြဇာသုံးခြင်း မပြုပါနှင့်။
- (၄) လိမ်လည်လှည့်ဖျားခြင်း မပြုပါနှင့်။
- (၅) လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း မပြုပါနှင့်။

(ခ) ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရေး အတွက်ဖြစ်စေ၊ ယင်းအခွင့်အရေးကို ရရှိခဲ့ခြင်းအတွက် ကျေးဇူး တုံ့ပြန်သည့် အနေဖြင့် ဖြစ်စေ၊
- (၁) ငွေ၊ ပစ္စည်း၊ အစားအသောက်၊ ရာထူး (သို့မဟုတ်)
- (၂) အလုပ်အကိုင်နေရာ ပြောင်းရွှေ့မှု (သို့မဟုတ်)
- (၃) အခြားအခွင့်အရေး တစ်ခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း သို့မဟုတ် လာဘ်ယူခြင်း မပြုပါနှင့်၊

(ဂ) ရွေးကောက်မှုဆိုင်ရာအခွင့်အလမ်းကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန်
- (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို (သို့မဟုတ်)
- (၂) မဲဆန္ဒရှင်တစ်ဦးဦးကို ခြိမ်းခြောက်ခြင်း မပြုပါနှင့်၊

(ဃ) လူမျိုးကိုဖြစ်စေ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍
- (၁) ဆန္ဒမဲပေးရန် (သို့မဟုတ်)
- (၂) ဆန္ဒမဲ မပေးရန်

  ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းတို့ မလုပ်ပါနှင့်။ ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်းလည်း မပြုပါနှင့်။

(င) ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန် သို့မဟုတ် ရွေးကောက်ပွဲ ပျက်ပြားစေရန်

(၁) စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း မပြုပါနှင့်။ (သို့မဟုတ်)

(၂) အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း မပြုပါနှင့်။

(စ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ထုတ်ပြန်ထားသော

(၁) စာရင်း၊ အကြောင်းကြားစာ (သို့မဟုတ်)

(၂) ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများကို တမင်ဖျက်ဆီးခြင်း မပြုပါနှင့်။ ဖတ်ရှု့မရအောင် မပြုပါနှင့်။

(ဆ) (၁) မဲစာရင်းကို (သို့မဟုတ်)

(၂) ဆန္ဒမဲလက်မှတ်ကို (သို့မဟုတ်)

(၃) ကြိုတင်ဆန္ဒမဲလက်မှတ်ကို (သို့မဟုတ်)

(၄) ယင်းတို့ကို ပေးပို့ရာတွင် အသုံးပြုထားသော စာအိတ် (သို့မဟုတ်) အထုပ်ကို တမင်ဖျက်ဆီးခြင်း မပြုပါနှင့်။ ရေးသွင်းထားသည်တို့ကို ဖတ်ရှုမရအောင် မပြုပါနှင့်။

(ဇ) (၁) ဆန္ဒမဲလက်မှတ်ကို (သို့မဟုတ်)

(၂) ကြိုတင်ဆန္ဒမဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူအားပေးခြင်း မပြုပါနှင့်။

(ဈ) (၁) ဆန္ဒမဲ လက်မှတ်မှအပ အခြားပစ္စည်းတစ်ခုခုကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုပါနှင့်။

(ည) (၁) အသုံးပြုဆဲဖြစ်သော မဲပုံးကို အခွင့်အာဏာမရှိဘဲ ဖွင့်လှစ်ခြင်း မပြုပါနှင့်။

(၂) ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်း မပြုပါနှင့်။

(ဋ) ရွေးကောက်ပွဲ တစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲပေးခြင်း မပြုပါနှင့်။

(ဌ) ရွေးကောက်ပွဲ တစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုပါနှင့်။

(ဍ) သူတစ်ပါး ယောင်ဆောင်၍

(၁) ဆန္ဒမဲ လက်မှတ်ကို (သို့မဟုတ်)

(၂) ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း မပြုပါနှင့် (သို့မဟုတ်) ဆန္ဒမဲပေးခြင်း မပြုပါနှင့်။

(ၿ) ရွေးကောက်ပွဲ ကျင်းပနေစဉ် မဲရုံအတွင်းသို့ ဝင်ခွင့်မရှိဘဲ ဝင်ရောက်ခြင်း မပြုပါနှင့်။

(ဏ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်း မပြုပါနှင့်။

(တ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်တစ်ဦးဦးအား ဆန္ဒမဲပေးခြင်း မပြုနိုင်စေရန်

(၁) နှောက်ယှက်ခြင်း မပြုပါနှင့်။

(၂) ထိုသို့နှောင့်ယှက်ရန် အားပေးကူညီခြင်း မပြုပါနှင့်။

(ထ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ဂိုက် ၅၀၀ အတွင်းမှဖြစ်စေ–

(၁) မဲဆွယ်ခြင်း မပြုလုပ်ပါနှင့်၊

(၂) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအတွက် မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးရန် တောင်းဆိုခြင်း (သို့မဟုတ်) မပေးရန် တိုက်တွန်းခြင်း သွေးဆောင်ခြင်း မပြုလုပ်ပါနှင့်၊

(၃) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန် (သို့မဟုတ်) မပေးဘဲနေရန် တိုက်တွန်းသွေးဆောင်ခြင်း မပြုပါနှင့်၊

(ဒ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးရန် လာရောက်သူများအား–

(၁) စိတ်ညှိုငြင်စေရန် (သို့မဟုတ်)

(၂) မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဝတ္တရားဆောင်ရွက်ခြင်းကို အနှောက်အယှက် ဖြစ်စေရန် မပြုပါနှင့်၊

**မဲရုံအတွင်း၌ဖြစ်စေ၊ ကိုက်၅၀၀ အတွင်း၌ ဖြစ်စေ**

(၁) အသံချဲ့စက် အစရှိသည့် အသံကို ကျယ်စေသည့် ကိရိယာတန်ဆာပလာများ သုံးစွဲခြင်း မပြုပါနှင့်၊

(၂) အော်ဟစ်ခြင်း မပြုပါနှင့်၊

(၃) စည်းကမ်းမဲ့သည့် အပြုအမူများ မပြုပါနှင့်။

(ဓ) မဲရုံတွင် ဆန္ဒမဲပေးရန် သတ်မှတ်ထားသော အချိန်နာရီအတွင်း

(၁) မဲရုံ၌ မဖွယ်မရာသော အမှုကို မပြုပါနှင့်၊

(၂) မဲရုံမှူးက တာဝန်ဝတ္တရားအရ ပေးသည့်အမိန့်ကို မနာခံခြင်းကြောင့် မဲရုံမှူး၏ အမိန့်အရ တာဝန်ရှိသူ တစ်ဦးဦးက မဲရုံမှ ဖယ်ရှားခံရပြီးနောက် မဲရုံမှူး၏ ခွင့်ပြုချက်မရဘဲ မဲရုံအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုပါနှင့်၊

## ချမှတ်နိုင်သော ပြစ်ဒဏ်

အထက်ဖော်ပြပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဖောက်ဖျက်ကျူးလွန်သူ မည်သူကိုမဆို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကို ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ခြင်း ခံရမည်ဖြစ်ပါသည်။

## လိမ်လည်၍ တိုင်ကြားခြင်း

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို လိမ်လည်စွပ်စွဲပြီး တိုင်ကြားခဲ့လျှင် ထိုတိုင်ကြားသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကိုဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။

## ရဲစခန်းတွင် တိုက်ရိုက်တိုင်တန်းခွင့်ရှိခြင်း

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားပါသည်။ တိုင်ကြားလိုသူသည် သက်ဆိုင်ရာရဲစခန်းသို့ သွားရောက်၍ တိုင်ကြားခွင့်ရှိပါသည်။

## တိုင်ကြားခွင့်ရှိသူများ

(၁) မဲဆန္ဒရှင်တစ်ဦးက ဖြစ်စေ၊

(၂) လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ရွေးကောက်ပွဲ ကိုယ်စားလှယ်က ဖြစ်စေ၊

(၃) သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးက ဖြစ်စေ၊

(၄) မဲရုံအဖွဲ့ဝင်တစ်ဦးဦးက ဖြစ်စေ သက်သေအထောက်အထား ခိုင်လုံစွာဖြင့် တိုင်တန်းနိုင်ခွင့် ရှိပါသည်။

## တိုင်တန်းရမည့် အချိန်ကာလ

(၁) ရွေးကောက်ပွဲ မကျင်းပမီဖြစ်စေ

(၂) ရွေးကောက်ပွဲ ကျင်းပနေစဉ်ဖြစ်စေ

(၃) ရွေးကောက်ပွဲ ကျင်းပပြီးနောက် ၁၅ ရက်အတွင်းဖြစ်စေ ဥပဒေနှင့်အညီ တိုင်တန်းနိုင်ခွင့် ရှိပါသည်။

## တရားမဲ့ပြုကျင့်မှု

တရားမဲ့ပြုကျင့်မှုဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း (၁၄)တွင် ဖော်ပြထားသော ပြုကျင့်မှု တစ်ခုခုကို ခေါ်ပါသည်။

## တရားမဲ့ပြုကျင့်မှု ပြုလုပ်ရာရောက်ခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးက ဖြစ်စေ၊ အောက်ပါဖော်ပြပါ ပြုကျင့်မှုတစ်ခုခုကို ပြုလုပ်ပါက တရားမဲ့ပြုကျင့်မှုတစ်ခုကို ပြုကျင့်ရာရောက်သည်။

(က) လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခြင်း၊

(ခ) ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောက်အယှက် ပြုလုပ်ခြင်း၊

(ဂ) သူတစ်ပါးအယောင်ဆောင်ခြင်း၊

(ဃ) မဟုတ်မမှန် ပြောဆိုကြေညာခြင်း

(င) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း

(စ) မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း၊

(ဆ) ရွေးကောက်ပွဲများကို တစ်ချိန်တည်းကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း။

(ဇ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့် မညီညွတ်သော အသုံးစရိတ်များ ကျခံသုံးစွဲခြင်း သို့မဟုတ်၊ ယင်းသို့ ကျခံသုံးစွဲရန် သဘောတူခြင်း

(ဈ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်ငွေစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ကျေးဇူးတို့ပြန်ချက်ဖြင့်ဖြစ်စေ လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘ လက်ခံရန် သူတစ်ဦးအား တိုက်တွန်းခြင်း သဘောတူညီချက် ပေးခြင်း၊

(ဋ) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေရန် မဲဆန္ဒရှင်တစ်ဦးကို သွေးဆောင်ရန်အတွက် လာဘ်လာဘ လက်ခံခြင်းကို သူတစ်ဦးအား တိုက်တွန်းခြင်း သဘောတူညီချက်ပေးခြင်း၊

(ဌ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းကို တင်ပြခြင်း သို့မဟုတ် ယင်းငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်ပြရန် ပျက်ကွက်ခြင်း၊

(ဉ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရစေရန်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ၊ အစည်းအဝေးကျင်းပ၍သော်လည်းကောင်း၊ စာရွက်စာတမ်းများ ဝေ၍ သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း၊ ငွေအကုန်အကျခံခြင်း သို့မဟုတ် ကုန်ကျရန်ခွင့်ပြုရန်၊

(ဎ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် စပ်ဆိုင်သည့် ကြော်ငြာစာရွက်စာတမ်း ပိုစတာ စသည်တို့ကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဏ) မဲဆန္ဒရှင်တစ်ဦးအား ဆန္ဒမဲပေးချိန်တွင် ဆန္ဒမဲလက်မှတ်ကို မဲရုံမှ အခြားသို့ ယူဆောင်သွားရန် တိုက်တွန်းခြင်း သဘောတူညီချက် ပေးခြင်း၊

(တ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက် တင်မြှောက်ခံရရေး အတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားပေး ကူညီခြင်း၊ ရယူရန်အားထုတ်ခြင်း၊

(ထ) ဘာသာရေးအထိမ်းအမှတ်တံဆိပ်များကို ရွေးကောင်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ ကိုးကွယ်ရာ ဘာသာကိုဖြစ်စေ အကြောင်းပြု မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလုပ်လှုံ့ဆော်ခြင်း

(ဒ) ပါတီတစ်ခုကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန် စွပ်စွဲခြင်း၊ ရေးသားခြင်း အများပြည်သူ ဆူပူမှုဖြစ်အောင် ဖန်တီးခြင်း၊

## တရားမဲ့ပြုကျင့်မှု၏ အကျိုးသက်ရောက်မှု

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ပွဲတွင် ဆန္ဒမဲ အများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံရသော်လည်း တရားမဲ့ ပြုကျင့်မှုတစ်ခုခုကို ပြုလုပ်ခဲ့လျှင် ယင်းတို့ပြုလုပ်ခြင်းကြောင့်သာ အနိုင်ရရှိသွားသည်ဟူ၍ စွပ်စွဲကာ မိမိ၏ အနိုင်ရရှိမှုအပေါ် ကန့်ကွက်လွှာ တင်သွင်းခြင်း ခံရနိုင်ပါသည် –

## ကန့်ကွက်လွှာတင်သွင်းနိုင်ခွင့်ရှိသူများ

(က) ယှဉ်ပြိုင်အရွေးခံသည့် လွှတ်တော်ကိုယ်စားလှယ်၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒရှင်၊

## ကန့်ကွက်လွှာတင်သွင်းရမည့် အဖွဲ့အစည်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်လွှာတင်သွင်းရမည့် အချိန်ကာလ

လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာသည့် နေ့မှစ၍ ၄၅ ရက်အတွင်း

## ပေးသွင်းရမည့် အမှုစရိတ်

ငွေကျပ် ၅ သိန်း

## ရွေးကောက်ပွဲတင်မြှောက်ခြင်းပျက်ပြယ်စေသည့် အချက်များ

ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် အောက်ပါအချက် တစ်ရပ်ရပ်၌ ငြိစွန်းကြောင်း တွေ့ရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲ ခုံအဖွဲ့က ဆုံးဖြတ်ပါသည် –

(က) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော် ကိုယ်စားလှယ်သည်–

(၁) တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရယူခဲ့သည်ဟုလည်းကောင်း၊

(၂) ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟုလည်းကောင်း

(၃) ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟုလည်းကောင်း၊ ပေါ်လွင်ထင်ရှားခြင်း၊

(ခ) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏ အကျိုးငှာ တရားမဲ့ပြုကျင့်မှု တစ်ခုခုကိုပြုကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ဂ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ပေါ်လွင် ထင်ရှားခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများကို နှောက်ယှက်ခြင်းတို့ကြောင့်၊

(၁) လွတ်လပ်စွာ မဲပေးနိုင်စွမ်းရှိသော ရွေးကောက်ပွဲ မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(၂) ယင်းသို့ပြုလုပ်မှုများကြောင့် ရွေးကောက်တင်မြှောက် ခံရကြောင်း ပေါ်လွင်ထင်ရှားခြင်း၊

(င) အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်ကြောင်း ပေါ်လွင် ထင်ရှားခြင်း၊

(၁) နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ

(၂) နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ

(၃) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ

(၄) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ

(၅) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစား နိုင်ခွင့်ရှိသူ

(၆) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ၊ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(၇) နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန် သော်လည်းကောင်း၊ ဆန္ဒမဲ မပေးရန်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းတို့ပြုလုပ်ရန် အားပေး လှုံ့ဆော်ခြင်းပြုသူ သို့မဟုတ် ယင်းသို့ပြုလုပ်သည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

(၈) နိုင်ငံ့ဝန်ထမ်း

**ခြွင်းချက်။** ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော လွှတ်တော်များတွင် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ လွှတ်တော်များရှိ အဖွဲ့အစည်းများတွင် ရွေးချယ်ခန့်အပ်ခြင်း ခံရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် လည်းကောင်း၊ မသက်ဆိုင်စေရ။

(၉) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ၊ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ၊

**ခြွင်းချက်။** (၁) နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် အငြိမ်းစားလစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံအကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ထောက်ပံ့ချီးမြှင့်ထားသော လစာငွေကြေး သော်လည်းကောင်း၊

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကား ရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရ သော်လည်းကောင်း၊ နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့်အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည့်တို့ မပါဝင်။

ရည်ညွှန်းကိုးကားချက်

လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရယူသည်။

# နောက်ဆက်တွဲများ

# နောက်ဆက်တွဲ (၁)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ခွဲ
## (တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်)
## ဆက်သွယ်ရန် ဖုန်းနံပါတ်များ

# ကချင်ပြည်နယ်

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ကချင်ပြည်နယ် | ဦးညွန့်ရွှေ | ဥက္ကဌ | ၀၇၄–၂၁၆၇၈ | ၀၇၄–၂၁၉၆၄ | ၀၉–၂၅၉၀၇၇၃၇၁ |
| | | ဦးခိုင်လင်းနိုင် | အတွင်းရေးမှူး | ၀၇၄–၂၂၄၇၂ | | ၀၉–၂၅၆၀၇၆၂၄၂ |
| | | ဦးထွန်းအောင်ခိုင် | ရွေးကောက်ပွဲအရာရှိ | ၀၇၄–၂၁၆၇၈ | | ၀၉–၄၀၀၀၄၈၃၇၃ |
| ၂ | ပူတာအိုခရိုင် | ဦးခင်မောင်ဝင်း | ဥက္ကဌ | | | |
| | | ဦးဆန်းဟို | အတွင်းရေးမှူး | ၀၉–၈၄၀၀၁၇၆ | | ၀၉–၄၇၀၀၈၁၇၆ |
| ၃ | ဗန်းမော်ခရိုင် | ဦးကျော်သန်းဌေး | ဥက္ကဌ | | ၀၇၄–၅၀၀၂၆ | ၀၉–၇၃၅၅၁၆၂၁ |
| | | ဦးကျော်ထူး | အတွင်းရေးမှူး | ၀၇၄–၅၀၈၆၄ | | ၀၉–၄၅၀၀၆၄၄၄၀ |
| | | ဦးကျော်သိန်းဦး | ရွေးကောက်ပွဲအရာရှိ | | | |
| ၄ | မိုးညှင်းခရိုင် | ဦးစိန်ဝင်း | ဥက္ကဌ | | | |
| | | ဦးတင်ထွဋ်အောင် | အတွင်းရေးမှူး | ၀၇၄–၆၀၈၁၁ | | ၀၉–၄၇၀၂၀၉၀၀ |
| | | ဦးမျိုးမင်းဦး | ရွေးကောက်ပွဲအရာရှိ | | | |
| ၅ | မြစ်ကြီးနားခရိုင် | ဦးမြတ်ခိုင် | ဥက္ကဌ | ၀၇၄–၂၂၄၂၀ | | |
| | | ဦးဇာနည်တိုး | အတွင်းရေးမှူး | ၀၇၄–၂၂၄၈၉ | ၀၇၄–၂၂၆၅၇ | ၀၉–၄၃၀၆၃၁၁၀ |
| | | ဦးကျော်စိုးအောင် | ရွေးကောက်ပွဲအရာရှိ | ၀၇၄–၂၂၄၂၀ | | ၀၉–၄၇၂၈၂၄၂<br>၀၉–၃၆၀၆၁၇၆၆ |

# ကယားပြည်နယ်

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ကယားပြည်နယ် | ဦးစိုင်းခမ်းဝင်း | ဥက္ကဋ္ဌ | ၀၈၃–၂၃၁၂၈ | | ၀၉–၄၂၈၀၀၀၅၃၉ |
| | | | | ၀၈၃–၂၃၁၃၇ | | |
| | | ဦးကောင်းမြတ်ဦး | အတွင်းရေးမှူး | ၀၈၃–၂၁၁၀၄ | | ၀၉–၄၉၂၉၆၃၅၇ |
| | | ဦးကျော်ဆန်းဝင်း | ရွေးကောက်ပွဲအရာရှိ | ၀၈၃–၂၃၁၂၈ | | ၀၉–၄၃၀၈၄၃၉၁ |
| | | | | | | ၀၉–၄၀၁၆၆၅၂၅၁ |
| ၂ | ဘောလခဲခရိုင် | ဦးဖေအောင် | ဥက္ကဋ္ဌ | ၀၈၃–၅၀၀၁၃ | | |
| | | ဦးဝင်းခိုင် | အတွင်းရေးမှူး | ၀၈၃–၅၀၀၁၄ | | ၀၉–၄၇၁၂၇၂၆၈ |
| | | ဦးကျော်လင်း | ရွေးကောက်ပွဲအရာရှိ | | | |
| ၃ | လွိုင်ကော်ခရိုင် | ဦးစိန်ဝင်း | ဥက္ကဋ္ဌ | ၀၈၃–၂၃၁၂၉ | ၀၈၃–၂၂၂၀၆ | ၀၉–၂၅၀၂၅၇၉၀၅ |
| | | ဦးစိုးမင်းကို | အတွင်းရေးမှူး | ၀၈၃–၂၁၅၂၆ | ၀၈၃–၂၁၀၇၇ | ၀၉–၄၀၁၆၆၅၂၅၁ |
| | | ဦးညီညီမင်း | ရွေးကောက်ပွဲအရာရှိ | ၀၈၃–၂၃၁၂၉ | | |

# ကရင်ပြည်နယ်

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ကရင်ပြည်နယ် | ဦးကျော်ဝင်းမောင် | ဥက္ကဌ | ၀၅၈–၂၁၂၀၂ | ၀၅၈–၂၂၁၄၀ | ၀၉–၄၉၇၈၄၇၈၄ |
| | | ဦးသော်တာငြိမ်း | အတွင်းရေးမှူး | ၀၅၈–၂၁၁၇၅ | | ၀၉–၄၂၀၁၇၄၄၀၆ |
| | | ဦးမောင်မောင်နိုင် | ရွေးကောက်ပွဲအရာရှိ | ၀၅၈–၂၃၃၉၇ | | ၀၉–၃၁၄၆၉၁၄၃ |
| ၂ | ကော့ကရိတ်ခရိုင် | ဦးခင်မောင် | ဥက္ကဌ | ၀၅၈–၄၀၀၀၂ | ၀၅၈–၄၀၅၀၃ | ၀၉–၃၁၄၉၈၇၂၆ |
| | | ဦးမင်းသူ | အတွင်းရေးမှူး | ၀၅၈–၄၀၀၀၂ | ၀၅၈–၄၀၀၀၃ | ၀၉–၂၅၅၇၀၆၂၀၁ |
| | | ဦးဝေဠုအောင် | ရွေးကောက်ပွဲအရာရှိ | ၀၅၈–၄၀၇၁၅ | | |
| ၃ | ဘားအံခရိုင် | ဦးစောသိန်းကြည် | ဥက္ကဌ | ၀၅၈–၂၁၂၃၅ | | ၀၉–၂၅၅၇၇၃၅၄၄ |
| | | ဦးမင်းသီဟဇော် | အတွင်းရေးမှူး | ၀၅၈–၂၁၂၃၅ | | ၀၉–၄၇၁၂၇၇၂၀ |
| | | ဦးကျော်ကျော်ထွန်း | ရွေးကောက်ပွဲအရာရှိ | ၀၅၈–၂၃၃၉၆ | | ၀၉–၄၉၈၁၅၄၁၉ |
| ၄ | ဖာပွန်ခရိုင် | ဦးဘူးသော | ဥက္ကဌ | ၀၁–၅၈၁၂၄၆ | | ၀၉–၄၉၇၈၄၁၈၉ |
| | | | အတွင်းရေးမှူး | ၀၉–၄၉၇၈၅၂၂၂ | | ၀၉–၄၉၇၈၅၂၂၄ |
| | | ဦးဇော်မင်းထွန်း | ရွေးကောက်ပွဲအရာရှိ | | | |
| ၅ | မြဝတီခရိုင် | ဦးမန်းဘုန်းကြွယ် | ဥက္ကဌ | ၀၅၈–၅၀၁၈၃ | ၀၅၈–၅၀၃၄၅ | |
| | | ဦးသိုက်စိုးမိုး | အတွင်းရေးမှူး | ၀၅၈–၅၀၁၂၃ | | ၀၉–၄၂၅၀၄၉၄၀၈ |
| | | ဦးလင်းနိုင်စိုး | ရွေးကောက်ပွဲအရာရှိ | ၀၅၈–၅၁၃၆၈ | | ၀၉–၇၃၂၂၉၅၁၃<br>၀၉–၃၁၄၆၈၄၈၅ |

# ချင်းပြည်နယ်

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ချင်းပြည်နယ် | ဦးလျန်အုပ် | ဥက္ကဋ္ဌ | ၀၇၀–၂၁၀၀၃ | ၀၇၀–၂၁၅၃၈ | ၀၉–၃၁၄၇၆၃၅၇ |
| | | ဦးရဲဝင်းထိုက် | အတွင်းရေးမှူး | ၀၇၀–၂၁၀၀၆ | | ၀၉–၄၄၂၀၀၂၀၄၀ |
| | | ဦးလင်းကျော် | ရွေးကောက်ပွဲအရာရှိ | ၀၇၀–၂၂၅၅၈ | ၀၇၀–၂၁၇၀၂ | ၀၉–၂၅၉၀၇၇၉၈၈ |
| ၂ | ဖလမ်းခရိုင် | ဦးဇန်လျန်ခုပ် | ဥက္ကဋ္ဌ | ၀၇၀–၄၀၀၃ | | ၀၉–၄၉၅၈၅၆၀၀ |
| | | ဦးလင်းထက်ကို | အတွင်းရေးမှူး | ၀၇၀–၄၀၀၃ | | ၀၉–၄၀၁၅၃၅၇၃၀ |
| | | ဦးမျိုးမင်းစိုး | ရွေးကောက်ပွဲအရာရှိ | | | |
| ၃ | မင်းတပ်ခရိုင် | ဦးမြင့်ဆွေ | ဥက္ကဋ္ဌ | ၀၇၀–၇၀၀၂၆ | | ၀၉–၄၇၁၇၀၀၃၃ |
| | | ဦးရှိန်းအောင် | အတွင်းရေးမှူး | ၀၇၀–၇၀၀၂၆ | | ၀၉–၄၇၁၇၀၁၈၈ |
| | | ဦးသော်တင်ငြိမ်း | ရွေးကောက်ပွဲအရာရှိ | | | |
| ၄ | ဟားခါးခရိုင် | ဦးထလာဟေး | ဥက္ကဋ္ဌ | | | |
| | | | အတွင်းရေးမှူး | | | |
| | | ဦးမျိုးမင်း | ရွေးကောက်ပွဲအရာရှိ | | | |

# စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | တိုင်းဒေသကြီး | ဦးတင်ဦး | ဥက္ကဋ္ဌ | ၀၇၁-၂၂၇၇၄<br>၀၇၁-၂၂၅၇၀ | ၀၇၁-၂၃၉၇၂ | ၀၉-၂၁၃၁၀၇၁ |
| | | ဒေါ်တင်တင်နွဲ့ | အတွင်းရေးမှူး | ၀၇၁-၂၂၇၇၁ | | ၀၉-၄၂၀၇၂၂၅၉၇ |
| | | ဦးအောင်မျိုးလွင် | ရွေးကောက်ပွဲအရာရှိ | | | ၀၉-၄၂၀၇၂၂၅၉၇ |
| ၂ | ကလေးခရိုင် | ဦးဂင်ခန့်ပေါင် | ဥက္ကဋ္ဌ | ၀၇၃-၂၁၅၇၇ | | ၀၉-၂၅၆၀၆၉၁၉၇ |
| | | ဦးသီဟ | အတွင်းရေးမှူး | ၀၇၃-၂၁၅၇၇ | | ၀၉-၄၃၁၆၀၀၁၉ |
| ၃ | ကသာခရိုင် | ဦးအုံ့ကျော် | ဥက္ကဋ္ဌ | ၀၇၅-၂၅၂၆၇ | | ၀၉-၄၀၀၄၃၃၆၃၉ |
| | | ဒေါ်မိုးမိုး | အတွင်းရေးမှူး | ၀၇၅-၂၅၀၀၇ | | ၀၉-၉၁၀၄၅၈၄၁ |
| | | ဦးအောင်မင်းဦး | ရွေးကောက်ပွဲအရာရှိ | ၀၇၅-၂၆၀၁၀ | | ၀၉၄၅၈၀၃၂၆၉<br>၀၉-၃၆၀၆၄၉၄၄ |
| ၄ | ခန္တီးခရိုင် | ဦးခင်မောင်ညွန့် | ဥက္ကဋ္ဌ | | | ၀၉-၂၅၆၀၆၉၀၉၀ |
| | | ဒေါ်စေ့နီ | အတွင်းရေးမှူး | ၀၁၀-၄၃၂၀၀၃၈ | | ၀၉-၄၄၂၀၇၆၀၂၀<br>၀၉-၄၀၅၁၅၀၀၅ |
| ၅ | နာဂ ကိုယ်ပိုင် | | ဥက္ကဋ္ဌ | | | |
| | | | အတွင်းရေးမှူး | | | |
| | | | ရွေးကောက်ပွဲအရာရှိ | | | |
| ၆။ | စစ်ကိုင်းခရိုင် | ဦးရဲထွဋ်ဋ | ဥက္ကဋ္ဌ | | | |

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| | | ဦးမျိုးညွန့်အောင် | အတွင်းရေးမှူး | ၀၇၂–၂၁၁၅၁ | | ၀၉–၃၁၂၅၅၈၈၈ |
| | | ဦးဇော်နောင်လတ် | ရွေးကောက်ပွဲအရာရှိ | ၀၇၂–၂၂၉၇၉ | | ၀၉–၂၅၀၄၇၇၇၀၈ |
| ၇ | တမူးခရိုင် | ဦးတင်ဝင်း | ဥက္ကဋ္ဌ | ၀၇၃–၄၀၉၅၈ | | ၀၉–၂၅၆၀၆၉၆၀၉ |
| | | ဦးရန်နိုင်ထွန်း | အတွင်းရေးမှူး | ၀၇၃–၄၀၂၆၈ | | ၀၉–၄၀၀၄၆၅၀၄၄ |
| | | ဦးဇော်မိုးမြင့် | ရွေးကောက်ပွဲအရာရှိ | | | |
| ၈ | မော်လိုက်ခရိုင် | ဦးခင်မောင်တိုး | ဥက္ကဋ္ဌ | | | |
| | | ဒေါ်မြမြဝင်း | အတွင်းရေးမှူး | ၀၇၃–၄၂၀၂၄ | | ၀၉–၂၅၆၁၉၆၈၁၀ |
| | | | ရွေးကောက်ပွဲအရာရှိ | | | |
| ၉ | မုံရွာခရိုင် | ဦးသန်းအေး | ဥက္ကဋ္ဌ | ၀၇၁–၂၆၂၀၉ | ၀၇၁–၂၄၆၃၃ | ၀၉–၄၀၀၅၄၉၁၅၄ |
| | | ဦးစိုးညွန့်ဦး(ယာယီ) | အတွင်းရေးမှူး | ၀၇၁–၂၁၁၈၁ | | ၀၉–၄၂၈၀၀၂၄၅၄ |
| | | ဦးသောင်းဒန် | ရွေးကောက်ပွဲအရာရှိ | ၀၇၁–၂၆၂၀၉ | | ၀၉–၃၁၄၇၃၈၈၀ |
| ၁၀ | ရွှေဘိုခရိုင် | ဦးမြအေး | ဥက္ကဋ္ဌ | ၀၇၅–၂၁၃၅၀ | | ၀၉–၄၇၀၆၀၄၉၃ |
| | | ဒေါ်ခင်လေးမြင့် | အတွင်းရေးမှူး | | | |
| | | ဦးအောင်မင်းဦး | ရွေးကောက်ပွဲအရာရှိ | ၀၇၅–၂၂၉၅၂ | | |
| ၁၁ | ယင်းမာပင်ခရိုင် | ဦးသန်းစိန် | ဥက္ကဋ္ဌ | | | |
| | | ဦးအောင်ကြည်ထွန်း | အတွင်းရေးမှူး | | | ၀၉–၄၃၀၄၀၅၇၁ |
| | | ဦးအောင်ဇော်သန့် | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၂၁၁၀၄၅၂ |

# တနင်္သာရီတိုင်းဒေသကြီး

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | တနင်္သာရီတိုင်းဒေသကြီး | ဦးသန်းစိန် | ဥက္ကဋ္ဌ | | ၀၅၉–၂၃၆၇၆ | ၀၉–၈၇၄၂၄၀၀ |
| | | ဦးခင်မောင်ချို | အတွင်းရေးမှူး | | | ၀၉–၄၃၁၀၆၉၅၅ |
| | | ဦးထိန်းလင်းဦး | ရွေးကောက်ပွဲအရာရှိ | ၀၅၉–၂၃၅၂၅<br>၀၅၉–၂၁၂၁၂ | | ၀၉–၄၉၅၉၀၀၉၉ |
| ၂ | ထားဝယ်ခရိုင် | ဦးထွန်းကြည် | ဥက္ကဋ္ဌ | | | ၀၉–၅၁၈၁၂၂၄ |
| | | ဦးစိုင်းဝေလင်း | အတွင်းရေးမှူး | ၀၅၉–၂၁၁၆၅ | | ၀၉–၈၇၄၁၁၉၈ |
| | | ဦးသက်ထူးတင် | ရွေးကောက်ပွဲအရာရှိ | ၀၅၉–၂၃၅၂၃ | | ၀၉–၇၃၂၃၁၀၆၅ |
| ၃ | မြိတ်ခရိုင် | ဦးဝင်းမြင့် | ဥက္ကဋ္ဌ | ၀၅၉–၄၁၁၁၆ | ၀၅၉–၄၂၉၇၀ | ၀၉–၈၇၆၁၂၀၄ |
| | | ဦးရဲမြတ်သိန်း | အတွင်းရေးမှူး | ၀၅၉–၄၁၁၂၆ | | ၀၉–၄၉၈၇၂၇၅၃ |
| | | ဦးလှိုင်ဘွား | ရွေးကောက်ပွဲအရာရှိ | ၀၅၉–၄၂၅၂၁ | | ၀၉–၄၉၂၅၂၀၃၉ |
| ၄ | ကော့သောင်းခရိုင် | ဦးကျင်းဖိန် | ဥက္ကဋ္ဌ | ၀၅၉–၅၁၁၀၂ | ၀၅၉–၅၁၀၆၉ | ၀၉–၅၆၄၅၂၃၇ |
| | | | ရွေးကောက်ပွဲအရာရှိ | | | |

# ပဲခူးတိုင်းဒေသကြီး

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ပဲခူးတိုင်းဒေသကြီး | ဦး | ဥက္ကဋ္ဌ | ၀၅၂–၂၁၀၂၄ | ၀၅၂–၂၂၈၅၃ | ၀၉–၂၅၀၁၁၀၇၀၁ |
| | | ဦးအောင်ကြည် | အတွင်းရေးမှူး | ၀၅၂–၂၁၂၆၈ | | ၀၉–၃၃၂၉၁၉၉၇ |
| | | ဦးအောင်ကျော်မိုး | ရွေးကောက်ပွဲအရာရှိ | ၀၅၂–၂၀၁၈၄၈ | | ၀၉–၂၅၀၁၁၀၇၀၃ |
| ၂ | တောင်ငူခရိုင် | ဦးစောဌေး | ဥက္ကဋ္ဌ | ၀၅၄–၂၆၁၆၉ | ၀၅၄–၂၄၃၅၅ | ၀၉–၂၅၀၃၆၁၀၀၉ |
| | | ဒေါ်နီနီလှိုင် | အတွင်းရေးမှူး | ၀၅၄–၂၄၂၂၁ | ၀၅၄–၂၃၀၆၉ | ၀၉–၄၂၈၁၂၁၈၆၄ |
| | | ဦးကိုကိုဦး | ရွေးကောက်ပွဲအရာရှိ | ၀၅၄–၂၆၁၆၉ | | ၀၉–၈၆၂၈၁၅၈ |
| ၃ | ပဲခူးခရိုင် | ဦးမြင့်သူရ | ဥက္ကဋ္ဌ | | | ၀၉–၅၃၄၂၆၂၇ |
| | | | အတွင်းရေးမှူး | ၀၅၂–၂၁၂၆၀ | | |
| | | ဦးမင်းသက်နောင် | ရွေးကောက်ပွဲအရာရှိ | ၀၅၂–၂၀၁၈၄၉ | ၀၅၂–၂၁၃၃၆ | ၀၉–၂၄၀၂၂၃၁ |
| ၄ | ပြည်ခရိုင် | ဦးကျော်ညွန့် | ဥက္ကဋ္ဌ | ၀၅၃–၂၄၉၂၀ | | ၀၉–၂၅၀၇၂၈၀၃၀ |
| | | ဒေါ်စန်းစန်းထွေး | အတွင်းရေးမှူး | ၀၅၃–၂၄၂၄၉ | ၀၅၃–၂၄၆၇၅ | ၀၉–၅၆၀၀၄၃၉ |
| | | ဦးဝေနော် | ရွေးကောက်ပွဲအရာရှိ | ၀၅၃–၂၄၉၂၀ | | ၀၉–၄၉၀၃၅၉၇၇ |
| ၅ | သာယာဝတီခရိုင် | ဦးရဲမြင့် | ဥက္ကဋ္ဌ | | ၀၅၅–၃၀၀၂၀ | ၀၉–၅၃၆၀၁၈၇ |
| | | ဦးရဲထွန်း | အတွင်းရေးမှူး | ၀၅၅–၃၀၉၆၅<br>၀၅၅–၃၀၄၂၂ | | ၀၉–၅၃၆၈၆၀၆ |
| | | ဦးထွန်းလွင် | ရွေးကောက်ပွဲအရာရှိ | ၀၅၅–၃၀၉၆၅ | | ၀၉–၂၅၅၇၇၁၅၄၅ |

# မကွေးတိုင်းဒေသကြီး

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | မကွေးတိုင်းဒေသကြီး | ဦးကြည်စိန် | ဥက္ကဋ္ဌ | | ၀၆၁–၂၁၃၆၁ | ၀၉–၅၃၄၁၇၀၂ |
| | | ဒေါ်ခင်ရီမြင့် | အတွင်းရေးမှူး | ၀၆၃–၂၈၅၆၅ | ၀၆၃–၂၈၄၆၈ | ၀၉–၄၇၀၆၀၄၉၅ |
| | | ဦးစိုးထွန်းဦး | ရွေးကောက်ပွဲအရာရှိ | ၀၆၃–၂၈၃၉၆ | | ၀၉–၂၅၆၄၁၈၇၀၇ |
| ၂ | ဂန့်ဂေါခရိုင် | ဦးတင်ဝင်း | ဥက္ကဋ္ဌ | ၀၆၂–၅၀၀၀၇ | | ၀၉–၄၀၀၀၂၈၁၄၂ |
| | | ဦးစွမ်းထက် | အတွင်းရေးမှူး | ၀၆၂–၅၀၀၀၆ | ၀၆၂–၅၀၀၀၅ | ၀၉–၂၅၆၁၃၉၀၀၇ |
| | | ဦးဇေတိုးအောင် | ရွေးကောက်ပွဲအရာရှိ | ၀၆၂–၅၀၇၂၂ | | |
| ၃ | ပခုက္ကူခရိုင် | ဦးရွှေကျော် | ဥက္ကဋ္ဌ | ၀၆၂–၂၃၉၈၈ | | |
| | | | | ၀၆၂–၂၁၁၃ | | |
| | | ဦးရဲမင်းအောင် | အတွင်းရေးမှူး | ၀၆၂–၂၁၀၂၀ | | ၀၉–၄၄၉၂၅၂၉၅၀ |
| | | ဦးဇော်သူ | ရွေးကောက်ပွဲအရာရှိ | ၀၆၂–၂၃၉၈၈ | | ၀၉–၃၃၂၀၆၀၁၀ |
| | | | | | | ၀၉–၄၉၅၇၂၄၅၅ |
| ၄ | မကွေးခရိုင် | ဦးညိုဝင်းမောင် | ဥက္ကဋ္ဌ | ၀၆၃–၂၈၃၉၁ | ၀၆၃–၂၆၀၅၂ | ၀၉–၅၃၄၁၁၄၉ |
| | | ဦးတင်ညွန့် | အတွင်းရေးမှူး | ၀၆၃–၂၈၃၉၁ | | ၀၉–၃၃၀၇၅၇၀၀ |
| | | ဦးအောင်သူရ | ရွေးကောက်ပွဲအရာရှိ | ၀၆၃–၂၈၃၉၁ | | ၀၉–၄၉၂၃၂၁၄၇ |
| ၅ | မင်းဘူးခရိုင် | ဦးမြင့်ဦး | ဥက္ကဋ္ဌ | ၀၆၅–၂၁၀၆၉ | | ၀၉–၂၅၆၂၂၈၂၈၅ |
| | | ဦးခင်မောင်မြင့် | အတွင်းရေးမှူး | ၀၆၅–၂၁၀၆၉ | | ၀၉–၂၅၆၂၂၈၂၈၅ |

| စဉ် | ရုံးအမည် | အမည် | ရာထူး | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| | | ဦးတင်ခိုင်ဇော် | ရွှေးကောက်ပွဲအရာရှိ | ၀၆၅–၂၁၅၅၁ | | |
| ၆ | သရက်ခရိုင် | ဦးခင်မောင်တင့် | ဥက္ကဋ္ဌ | | | ၀၉–၄၉၁၅၅၀၅၅၄ |
| | | ဦးကျော်ဇင်ဦး | အတွင်းရေးမှူး | | | ၀၉–၅၃၆၆၂၉၂ |
| | | ဦးဝင်းနိုင် | ရွှေးကောက်ပွဲအရာရှိ | ၀၆၈–၂၁၄၄၃ | | ၀၉–၄၉၀၄၂၀၀၉ |

# နေပြည်တော်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | နေပြည်တော် | ဦးအောင်ထက်ကျော် | ဥက္ကဋ္ဌ | ၀၆၇–၅၅၀၃၀၃ | ၀၆၇–၄၁၄၈၉၁ | ၀၉–၄၉၂၀၁၀၀၁ |
| | | ဦးလှမြင့် | အတွင်းရေးမှူး | ၀၆၇–၅၅၀၂၉၈ | | ၀၉–၂၄၅၀၁၇၆ |
| | | ဦးကျော်မင်းဇော် | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၄၂၀၇၀၆၂၇၈ |
| ၂ | ဥတ္တရခရိုင် (မြောက်ပိုင်း) | ဦးအောင်လွင် | ဥက္ကဋ္ဌ | | | ၀၉–၄၃၂၀၆၈၂၅<br>၀၉–၃၁၇၃၃၈၅၆ |
| | | ဦးသီဟထွန်း | အတွင်းရေးမှူး | | | ၀၉–၄၀၁၆၀၃၂၇၁ |
| | | ဦးသန့်စင်စိုး | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၂၅၄၀၉၉၂၁၀ |
| ၃ | ဒက္ခိဏခရိုင် (တောင်ပိုင်း) | ဦးမြင့်ဦး | ဥက္ကဋ္ဌ | | | ၀၉–၂၀၁၅၀၇၄ |
| | | ဦးဇော်နိုင်ဦး | အတွင်းရေးမှူး | ၀၆၇–၅၅၀၂၉၆ | | ၀၉–၂၁၅၀၄၇၀ |
| | | ဦးအောင်ကျော်ဆင့် | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၅၂၅၁၆၅၀<br>၀၉–၂၅၀၀၀၈၂၅ |

# မန္တလေးတိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | တိုင်းဒေသကြီး | ဦးအောင်ထွန်း | ဥက္ကဋ္ဌ | ၀၆၇-၅၅၀၃၀၃ | ၀၆၇-၄၁၄၈၉၁ | ၀၉-၄၉၂၀၁၀၀၁ |
| | | ဒေါ်ခင်ဝင်းကြည် | အတွင်းရေးမှူး | ၀၆၇-၅၅၀၂၉၈ | | ၀၉-၂၄၅၀၁၇၆ |
| | | ဦးကျော်ကျော်စိုး | ရွေးကောက်ပွဲအရာရှိ | | | ၀၉-၄၂၀၇၀၆၂၇၈ |
| ၂ | ကျောက်ဆည်ခရိုင် | ဦးအောင်ကြည်ရှိန် | ဥက္ကဋ္ဌ | ၀၆၆-၅၀၉၉၇ | ၀၆၆-၅၀၇၁၁ | ၀၉-၂၀၀၀၅၁၀ |
| | | - | အတွင်းရေးမှူး | | | |
| | | ဦးအောင်ဟိန်း | ရွေးကောက်ပွဲအရာရှိ | ၀၆၆-၅၀၉၉၇ | | ၀၉-၂၁၅၀၇၁၀<br>၀၉-၃၃၀၂၄၈၈၆ |
| ၃ | ညောင်ဦးခရိုင် | ဦးရွှေ | ဥက္ကဋ္ဌ | | | |
| | | ဦးဟန်သူရ | အတွင်းရေးမှူး | ၀၆၁-၆၀၂၆၀ | | ၀၉-၃၁၄၉၂၉၂၂ |
| | | ဦးနေမျိုးဝင်း | ရွေးကောက်ပွဲအရာရှိ | ၀၆၁-၆၁၂၂၀ | | |
| ၄ | ပြင်ဦးလွင်ခရိုင် | ဦးတင်မောင်ဦး | ဥက္ကဋ္ဌ | ၀၈၅-၂၈၄၃၂ | | ၀၉-၂၂၀၀၈၇၃ |
| | | ဦးဘဝင်း | အတွင်းရေးမှူး | ၀၈၅-၂၈၄၃၂ | | ၀၉-၃၆၀၆၇၂၀၀ |
| | | ဦးဇော်ဝင်းထိုက် | ရွေးကောက်ပွဲအရာရှိ | ၀၈၅-၂၈၄၃၂ | | ၀၉-၂၀၄၄၅၆၄ |
| ၅ | မန္တလေးခရိုင် | ဦးစိန်သင် | ဥက္ကဋ္ဌ | - | | ၀၉-၂၀၆၀၉၅၄<br>၀၉-၄၂၀၃၂၉၃၉၅ |
| | | ဒေါ်ကေသီရွှေ | အတွင်းရေးမှူး | ၀၂-၃၉၀၈၇ | | ၀၉-၄၀၂၆၁၈၄၉၇ |
| | | ဦးတင်မင်းအေး | ရွေးကောက်ပွဲအရာရှိ | ၀၂-၆၇၁၆၆ | | ၀၉-၄၉၃၃၃၁၅၀<br>၀၉-၃၁၄၆၃၃၃၅ |

# မန္တလေးတိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၆ | မိတ္ထီလာခရိုင် | ဦးလှသိန်း | ဥက္ကဋ္ဌ | | ၀၆၄–၃၅၀၉၇ | ၀၉–၃၁၂၂၂၀၂၁ |
| | | | အတွင်းရေးမှူး | | | |
| | | ဦးကျော်စိုးနိုင် | ရွေးကောက်ပွဲအရာရှိ | ၀၆၄–၂၆၄၅၈ | | ၀၉–၈၅၅၁၄၇၉ |
| ၇ | မြင်းခြံခရိုင် | ဦးခင်မောင် | ဥက္ကဋ္ဌ | | ၀၆၆–၂၁၅၇၉ | ၀၉–၂၅၆၂၅၇၈၇၂ |
| | | ဦးဆလိုင်းထောင် | အတွင်းရေးမှူး | ၀၆၆–၂၂၁၂၆ | | ၀၉–၄၀၂၅၀၈၃၉၀ |
| | | ဦးအောင်ဇော် | ရွေးကောက်ပွဲအရာရှိ | ၀၆၆–၂၂၁၂၆ | | ၀၉–၅၁၇၆၀၂၂<br>၀၉–၄၉၂၁၄၇၀၀ |
| ၈ | ရမည်းသင်းခရိုင် | ဦးစံတင့် | ဥက္ကဋ္ဌ | ၀၆၄–၄၀၀၀၂ | ၀၆၄–၄၀၃၇၈ | ၀၉–၂၁၇၃၆၂၇ |
| | | ဒေါ်ခင်ဆွေတင့် | အတွင်းရေးမှူး | ၀၆၄–၄၀၀၀၂<br>၀၆၄–၄၀၀၀၈ | | ၀၉–၂၁၇၃၁၇၅ |
| | | ဦးဇော်မင်း | ရွေးကောက်ပွဲအရာရှိ | | | |

# မွန်ပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | မွန်ပြည်နယ် | ဦးသိန်းထွန်းအေး | ဥက္ကဋ္ဌ | ၀၅၇-၂၄၃၁၉ | ၀၅၇-၂၇၀၂၆ | ၀၉-၂၅၅၇၀၂၀၉၄ |
| | | ဦးလှိုင်စိုးသန့် | အတွင်းရေးမှူး | ၀၅၇-၂၇၄၉၁ | | ၀၉-၅၀၉၉၀၉၀ |
| | | ဦးဟိဏ်းလင်းထက် | ရွေးကောက်ပွဲအရာရှိ | ၀၅၇-၂၄၃၁၉ | | ၀၉-၂၅၃၉၀၀၀၇၀ |
| ၂ | မော်လမြိုင်ခရိုင် | ဦးခင်ထွန်း | ဥက္ကဋ္ဌ | ၀၅၇-၂၄၅၉၂ | ၀၅၇-၃၀၂၇၃ | ၀၉-၃၁၅၀၃၇၇၀ |
| | | ဦးဖြိုးအောင်ထွန်း | အတွင်းရေးမှူး | ၀၅၇-၂၄၈၇၇ | | ၀၉-၄၃၁၂၉၁၅၀ |
| | | ဦးထင်ကျော် | ရွေးကောက်ပွဲအရာရှိ | ၀၅၇-၂၄၅၉၂ | | ၀၉-၂၀၃၉၁၃၇ |
| ၃ | သထုံခရိုင် | ဦးတင်မြင့် | ဥက္ကဋ္ဌ | ၀၅၇-၄၀၄၇၄ | | ၀၉-၂၀၀၀၆၄၂ |
| | | ဦးမင်းအောင် | အတွင်းရေးမှူး | ၀၅၇-၄၀၄၂၁ | | ၀၉-၄၀၂၅၂၇၉၆ |
| | | ဦးသက်နိုင်ဦး | ရွေးကောက်ပွဲအရာရှိ | | | ၀၉-၄၂၅၆၅၁၉၁ |

# ရခိုင်ပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ရခိုင်ပြည်နယ် | ဦးအောင်မြ | ဥက္ကဋ္ဌ | ၀၄၃–၂၁၅၅၆ | ၀၄၃–၂၃၁၄၈ | ၀၉–၈၅၀၀၇၂၇ |
| | | ဦးမင်းနိုင်ထွန်း | အတွင်းရေးမှူး | ၀၄၃–၂၂၈၈၇ | | ၀၉–၃၆၁၂၄၆၂၆ |
| | | ဦးသူရိန်ထွဋ် | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၂၅၁၁၃၃၁၈၇<br>၀၉–၂၅၅၇၆၆၆၄၅ |
| ၂ | ကျောက်ဖြူခရိုင် | ဦးအောင်မြတ်ထွန်း | ဥက္ကဋ္ဌ | ၀၄၃–၄၀၀၄၅ | | |
| | | ဦးစိုးသိန်း | အတွင်းရေးမှူး | | | ၀၉–၈၅၅၂၀၃၃ |
| | | ဦးအောင်ဌေးခိုင် | ရွေးကောက်ပွဲအရာရှိ | | | |
| ၃ | စစ်တွေခရိုင် | ဦးဦးထွန်းသာ | ဥက္ကဋ္ဌ | | | |
| | | ဦးနေမျိုးတင့် | အတွင်းရေးမှူး | | | ၀၉–၈၅၃၇၅၈၀ |
| | | ဦးဇော်လင်းဦး | ရွေးကောက်ပွဲအရာရှိ | | | |
| ၄ | မောင်တောခရိုင် | ဦးအောင်ကျော်ညွန့် | ဥက္ကဋ္ဌ | | | |
| | | ဦးဟိန်းမင်းသန့် | အတွင်းရေးမှူး | ၀၄၃–၅၅၁၆၆ | | ၀၉–၂၅၄၃၆၈၈၆၈ |
| | | ဦးဆန်းဝင်းထွန်း | ရွေးကောက်ပွဲအရာရှိ | ၀၄၃–၅၅၁၆၆ | | ၀၉–၃၁၉၈၄၅၆၇ |
| ၅ | သံတွဲခရိုင် | ဦးခင်ရွှေ | ဥက္ကဋ္ဌ | | | |
| | | ဦးမြင့်ဇော် | အတွင်းရေးမှူး | ၀၄၃–၆၅၅၈၀ | | ၀၉–၄၂၁၇၃၇၂၆၆ |
| | | | ရွေးကောက်ပွဲအရာရှိ | | | |
| ၆ | မြောက်ဦးခရိုင် | ဦးဦးမြသာ | ဥက္ကဋ္ဌ | | | |
| | | | အတွင်းရေးမှူး | | | |
| | | | ရွေးကောက်ပွဲအရာရှိ | | | |

# ရန်ကုန်တိုင်းဒေသကြီး

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | တိုင်ဒေသကြီး | ဦးကိုကို | ဥက္ကဋ္ဌ | ၀၁–၂၁၇၅၄၂ | ၀၁–၅၈၁၀၁၉ | ၉–၅၀၀၂၉၀၆ |
| | | ဒေါ်ခင်လှမြင့် | အတွင်းရေးမှူး | ၀၁–၂၃၀၂၁၁၄ | ၀၁–၅၄၄၉၀၀ | ၀၉–၅၀၆၅၁၃၅ |
| | | ဦးခင်ဇော်ထွန်း | ရွေးကောက်ပွဲအရာရှိ | ၀၉–၃၁၃၃၄၅၄၅ | | ၀၉–၄၃၁၈၁၅၈၆ |
| ၂ | ရန်ကုန် | ဦးမြတ်စိုး | ဥက္ကဋ္ဌ | | | ၀၉–၅၁၈၂၂၈၃ |
| | (တောင်ပိုင်း)ခရိုင် | ဦးကျော်ဇေယျ | အတွင်းရေးမှူး | ၀၅၆–၂၁၀၇၅ | | ၀၉–၂၅၀၅၀၇၀၅၀ |
| | | ဦးသန်းဇော်ထွေး | ရွေးကောက်ပွဲအရာရှိ | ၀၅၆–၂၃၈၇၂ | | ၀၉–၅၁၃၆၄၀၂ |
| ၃ | ရန်ကုန် | ဦးအောင်ခိုင် | ဥက္ကဋ္ဌ | | ၀၁–၆၁၁၄၆၁ | ၀၉–၇၃၀၅၁၆၁၄ |
| | (မြောက်ပိုင်း)ခရိုင် | ဦးသိန်းစိုး | အတွင်းရေးမှူး | ၀၁–၆၄၅၂၅၇ | | ၀၉–၂၅၀၀၁၆၆၉၉ |
| ၄ | ရန်ကုန် | ဦးအောင်မိုးမြင့် | ဥက္ကဋ္ဌ | ၀၁–၂၃၀၁၄၃၄ | | ၀၉–၃၁၃၃၄၅၅၀ |
| | (အနောက်ပိုင်း)ခရိုင် | ဦးမောင်မောင် | အတွင်းရေးမှူး | ၀၁–၂၁၄၆၉၁ | | ၀၉–၃၃၃၁၉၉၉၉ |
| | | ဦးအာကာသောင်း | ရွေးကောက်ပွဲအရာရှိ | ၀၁–၂၃၀၁၄၃၄ | | ၀၉–၅၀၈၀၉၃၃<br>၀၉–၇၃၂၅၂၂၂၂ |
| ၅ | ရန်ကုန် | ဦးခင်မောင်ကျော် | ဥက္ကဋ္ဌ | ၀၁–၅၅၆၈၃၂ | | ၀၉–၅၂၅၀၅၀၀ |
| | (အရှေ့ပိုင်း)ခရိုင် | ဦးကျော်ဆွေ | အတွင်းရေးမှူး | ၀၁–၅၇၉၀၀၂ | | ၀၉–၂၅၀၁၇၈၁၁၉ |
| | | ဦးမင်းကိုအောင် | ရွေးကောက်ပွဲအရာရှိ | ၀၁–၅၆၆၈၃၂ | | ၀၉–၄၉၃၁၇၇၀၀ |
| | | | | | | ၀၉–၃၆၀၂၃၃၃၄ |

# ရှမ်းပြည်နယ်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမည် | တာဝန် | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|
| | | | | ရုံး | အိမ် | လက်ကိုင်ဖုန်း |
| ၁ | ရှမ်းပြည်နယ် | ဦးပွင့် | ဥက္ကဋ္ဌ | ၀၈၁–၂၁၂၁၄၂၁ | ၀၈၁–၂၀၆၃၀၃ | ၀၉–၄၉၃၅၁၈၄၂ |
| | | ဦးကြည်ဝင်း | အတွင်းရေးမှူး | ၀၈၁–၂၁၂၁၀၆၃ | | |
| | | ဦးသန်းလွင်မြင့် | ရွေးကောက်ပွဲအရာရှိ | ၀၈၁–၂၁၂၅၅၆၇ | | ၀၉–၄၂၈၂၁၅၃၁၆ |
| | | | ဥက္ကဋ္ဌ | | | |
| | – | | အတွင်းရေးမှူး | | | |
| ၂ | ရှမ်း (မြောက်) | ဦးနှစ်ဆန်းဦး | ရွေးကောက်ပွဲအရာရှိ | | | ၀၉–၅၂၇၈၂၅၀ |
| ၃ | တောင်ကြီးခရိုင် | ဦးတင်ဦး | ဥက္ကဋ္ဌ | | | ၀၉–၃၆၁၆၄၇၇၅ |
| | | ဦးရဲရင့်လှိုင် | အတွင်းရေးမှူး | ၀၈၁–၂၁၂၁၂၁၈ | | ၀၉–၇၃၁၀၉၉၂၉ |
| | | ဦးဇော်မြင့်ဝင်း | ရွေးကောက်ပွဲအရာရှိ | ၀၈၁–၂၁၀၀၀၃ | | ၀၉–၄၉၃၇၆၃၅၃ |
